ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 8 February 2022 ၁၀၆၄၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

## ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားထား

နေပြည်တော် ဖေဖော်ဝါရီ ၇

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်သက်ဆိုင်ရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**ယနေ့** ဖတ်စရာ

**၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်လှစ်မည့် နေ့ရက်မတိုင်မီအထိ ဝင်ခွင့်လျှောက်ထားနိုင်**

စာမျက်နှာ » ၇

**စစ်မှန်စည်းကမ်း ပြည့်ဝမှုနှင့် . . . ဖက်ဒရယ် ဒီမိုကရေစီဟူသည်**



စာမျက်နှာ » ၈

**ညီနောင်တစ်စုတည်ထောင်ပြုတဲ့ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရကို အခုလို တိုင်းရင်းသားဆွေမျိုးပေါင်းစုံလာတွေ့ဆုံရတဲ့အခါမှာ ပိုပြီးတော့ လက်တွေ့ကျကျ ခံစားရပါတယ်**

စာမျက်နှာ » ၁၁

ကြေးမုံ

# စိန်ရတုပြည်ထောင်စု ထာဝရငြိမ်းချမ်းရေးရှေးရှု

ယခုနှစ်သည် တစ်မူထူးခြားသော နှစ်တစ်နှစ်ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့၊ ၂၀၂၃ ခုနှစ်တွင် စိန်ရတုလွတ်လပ်ရေးနေ့တို့နှင့် တိုက်ဆိုင်လျက်ရှိသည်။ လွတ်လပ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ ထူးခြားသောစိန်ရတုနှစ်တွင် ပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် အဓိကလိုအပ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးရရှိနိုင်အောင် စုပေါင်းလက်တွဲ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။

တစ်မူထူးခြားသော ယခုနှစ်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီလ ၆ ရက်နေ့၌ ကြေညာချက်အမှတ် (၁/၂၀၂၂) ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသို့ ဖိတ်ကြားလိုက်ခြင်းကို ကြိုဆိုရမည်ဖြစ်သည်။ ထူးခြားလေးနက်သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အားလုံးအတူတကွ ပါဝင်တက်ရောက်ခြင်းဖြင့် ပြည်ထောင်စုကြီးအတွက် အရေးကြီးသည့်ထာဝရငြိမ်းချမ်းရေးအလှမ်းနီးလာမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု မူဝါဒချမှတ်ထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ သုံးရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးဆိုင်ရာညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကိုးကြိမ်၊ နိုင်ငံရေးပါတီများနှင့် ခုနစ်ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် နှစ်ကြိမ် စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသောအဖွဲ့များမှအပ NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ပါဝင်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားသည်။ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ်နှီးနှောဖလှယ်နိုင်ရန် လမ်းဖွင့်ထားသည်။

နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၃) ရပ်တွင် အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်မှာ "တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေး" ဖြစ်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ရပ်မှာ "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"ကို ချမှတ်ထားသည်။ ယခုနှစ်မှစတင်၍ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များကို စတင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသည် သမိုင်းအစဉ်အဆက် ဖြစ်တည်လာသော နိုင်ငံရေးပြဿနာများဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်း၊ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာသော နည်းလမ်းတို့ဖြင့် ထာဝရငြိမ်းချမ်းရေးခရီးလမ်းသို့ တက်လှမ်းကြရမည်ဖြစ်သည်။ ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များနှင့် မငြိမ်းချမ်းခြင်း၏ ဆိုးကျိုးများကို တိုင်းရင်းသားပြည်သူများ ခံစားနားလည်နေကြသည်။ သို့ဖြစ်ရာ ထူးခြားလေးနက်သည့် စိန်ရတုပြည်ထောင်စုနေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်တက်ရောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးကို ဆောင်ကြဉ်းပေးစေလိုပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၄/၂၀၂၁ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၉၈/၂၀၁၉ (စစ်ကိုင်း)၊ ၂၅/၂၀၂၀ (ရှမ်း)၊ ၂၆/၂၀၂၀ (ရှမ်း)၊ ၂၇/၂၀၂၀ (ရန်ကုန်)နှင့် ၃၀/၂၀၂၀ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၂၉/၂၀၂၀ (စစ်ကိုင်း)၊ ၃၁/၂၀၂၀ (ရခိုင်)၊ ၃၆/၂၀၂၀ (မန္တလေး)၊ ၃၉/၂၀၂၀ (စစ်ကိုင်း) နှင့် ၄၄/၂၀၂၀ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၃၅၁ | ၂,၈၈၃,၂၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၃၂၁ | ၉၆၃,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၈၀ | ၆၄၀,၀၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၆၀၀ | ၀ | ၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၆၀ | ၁၅၅,၀၀၀ |
| EFR | ၂,၈၀၀ | ၂,၈၀၀ | ၄၀၀ | ၁,၁၂၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၅,၄၀၀ | ၃ | ၁၅,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၂.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၈၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၉၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၀၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၁.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၂.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၃.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၁၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✻ ရှေ့ဖုံးမှ
ဆပ်ကော်မတီများအလိုက် တက်ညီလက်ညီ ပြင်ဆင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားထားပါကြောင်း၊ စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ဆပ်ကော်မတီများအလိုက် ရှင်းလင်းဆွေးနွေးကြစေလိုကြောင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ၂၀၂၂ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၅)နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးငွေအောင်၊ ဦးစောထွန်းအောင်မြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ ဂုဏ်ပြုဆုရသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



(၇၅)နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပစဉ်။

**မိန့်ခွန်းပြောကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ဖတ်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများချီးမြှင့်ရာ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ပထမအဆင့် သုံးဆုနှင့် တတိယအဆင့် ခြောက်ဆု၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု ပထမအဆင့် ၄၄ ဆုနှင့် ဒုတိယအဆင့် တစ်ဆု၊ တတိယအဆင့် ၂၁ ဆု၊ စိုက်ပျိုးရေးထူးချွန်ဆု တတိယအဆင့် နှစ်ဆု၊ မွေးမြူရေးဆိုင်ရာထူးချွန်ဆု တတိယအဆင့် တစ်ဆု၊ ကျန်းမာရေးဆိုင်ရာ ထူးချွန်ဆု တတိယအဆင့် သုံးဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမအဆင့်) တစ်ဆုနှင့် တတိယအဆင့် ၂၇ ဆု၊ သုတေသနဆိုင်ရာထူးချွန်ဆု တတိယအဆင့်ဆု တစ်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နေရောင်ခြည်စွမ်းအင်သုံးဆိုလာအစုံ ၁၅၀ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ရှမ်းပြည်နယ် ဟင်းသီးဟင်းရွက်ပွဲတော်တွင် ပြသထားသောပြခန်းများကို ကြည့်ရှုကြစဉ်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် ကလောမြို့နယ် ဟဲဟိုးအင်းခေါင်းတွင် (၇၅)နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ရှမ်းပြည်နယ် ဟင်းသီးဟင်းရွက်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကား ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် တောင်သူအဖွဲ့အစည်းများကို ထောက်ပံ့မြေဩဇာအိတ်များ ပေးအပ်ရာ ကလောမြို့နယ် အာလူးအစုအဖွဲ့နှင့် ပင်လောင်းမြို့နယ် ထောပတ်အစုအဖွဲ့များကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ညောင်ရွှေမြို့နယ်နှင့် ရွာငံမြို့နယ်မှ ခရမ်းချဉ်သီးအစုအဖွဲ့များကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လည်းကောင်း၊ ပင်းတယမြို့နယ်နှင့် ရပ်စောက်မြို့နယ်မှ ဟင်းသီးဟင်းရွက် အစုအဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေအောင်က လည်းကောင်း၊ ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ် ထောပတ်အစုအဖွဲ့များကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက လည်းကောင်း ပေးအပ်ကြရာ တောင်သူအဖွဲ့အစည်းများက လက်ခံရယူကြသည်။

**သစ်သီးလက်ဆောင်ပေးအပ်**

ထို့နောက် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများကို ပြည်နယ်ဝန်ကြီးချုပ်က သစ်သီးလက်ဆောင် ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသောပြခန်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်တော်ကြီးဆည်မှ ရေကို အဆင့်(၆)ဆင့်ဖြင့် သန့်စင်ပြီး ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ ရပ်ကွက်၊ လူဦးရေ ၁၁၇၀၀ အတွက် နေ့စဉ် ရေဂါလန် ၈ ဒသမ ၁ သိန်းကို အိမ်အရောက် ဖြန့်ဝေပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့ရေပေးရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ကန်တော်ကြီးဆည်မှ ရေကို Plastic Filter Media နှင့် Gravel Media တို့ဖြင့် ရေသန့်စင်ခြင်း၊ အနေးရေစစ်ကန်၌ Down Flow စနစ်ဖြင့် ရေသန့်စင်ခြင်း၊ ကလိုရင်းဆေးခတ်သန့်စင်ခြင်း စသည့် အဆင့်(၆)ဆင့်ဖြင့် သန့်စင်ပြီး ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ ရပ်ကွက်၊ လူဦးရေ ၁၁၇၀၀ အတွက် နေ့စဉ် ရေဂါလန် ၈ ဒသမ ၁ သိန်းကို အိမ်အရောက် ဖြန့်ဝေပေးနိုင်မည့် မြို့ရေပေးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့ရေပေးရေးလုပ်ငန်းများ ပုံမှန်လည်ပတ်မှုရှိစေရေး၊ လုပ်ငန်းများအမြန်ပြီးစီးရေး တပ်ဆင်ရန်ကျန်ရှိသည့် ရေမီတာများကို အမြန်တပ်ဆင်နိုင်ရေး၊ ချေးငွေဖြင့် ဆောင်ရွက်ရသည်ဖြစ်၍ ရေပေးဝေမှုလုပ်ငန်းများ အမြန်အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး ကိစ္စရပ်များအား ပုံမှန်ဆောင်ရွက်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ အမြဲမပြတ် ကြီးကြပ်စစ်ဆေးသွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ မိသားစုဝင်ငွေတိုးပွားစေရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာအုပ်စု ငှက်ကြီးသိုက်ကျေးရွာသို့ ရောက်ရှိကာ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ Virtual Reality Tour ပြခန်း ဖွင့်လှစ်

# ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အသွင်အပြင်နှင့် ပုံရိပ်များကို ထိခိုက်မှုမရှိစေရေး အထူးဂရုပြု ကာကွယ်ထိန်းသိမ်းကြရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ Bagan Information & Training Center-BITC သို့ ရောက်ရှိပြီး ပုဂံညောင်ဦးဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနသည် ဝန်ဆောင်မှုပေးသော ဌာနဖြစ်သည့်အပြင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးဟောင်းယဉ်ကျေးမှု အသွင်အပြင်နှင့် ပုံရိပ်များကို ထိခိုက်မှုမရှိစေရေး အထူးဂရုပြုကာကွယ်ထိန်းသိမ်းသွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် လိုအပ်ပါကြောင်း၊ ပုဂံဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးရာတွင်လည်း ရှေးဟောင်းယဉ်ကျေးမှုပုံရိပ်များ ဖုံးကွယ်မှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုဂံမြို့ Bagan Information & Training Center၌ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များကို ပြသဆောင်ရွက်မည့် Virtual Reality Tour ပြခန်းကို ပြည်ထောင်စုဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပုဂံဇုန်) ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Aureum Palace Hotel & Resort ကျန်စစ်သားခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်ပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များကို Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ရာ Aureum Palace Hotel & Resort နှင့် Popa Mountain Resort Hotel မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်များကို ပုဂံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ပေးအပ်ရာ ဟိုတယ်များကိုယ်စား ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)ဥက္ကဋ္ဌက လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိပြီး တောင်ကြီးဟိုတယ်ဧည့်ခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အတွင်းတွင် အင်းလေးဒေသသည် သဘာဝအမွေအနှစ်တစ်ခုဖြစ်ပြီး ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်ပါကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထု ပူးပေါင်းပြီး မျက်ခြည်မပြတ် ကြည့်ရှုကာ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် အင်းလေးကန်အတွင်း ဗေဒါအမှိုက်များ ကင်းစင်စေရန်နှင့် ၎င်းကို သဘာဝမြေဩဇာထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထုကို စည်းရုံး၍ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အိမ်ရာစီမံကိန်း ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား (ပြင်ဦးလွင်-မန္တလေး)လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်း ကျေးရွာအုပ်စု ရေကြည်မြောက်ကွင်း ကွင်းအမှတ်(၅၀၆)တွင် ဆောင်ရွက်လျက်ရှိသည့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်းက ပြည်သူ့အငှားအိမ်ရာ စီမံကိန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကိုဗစ်ကာလ စီးပွားရေးထိခိုက်မှု ကုစားမှု (CERF) အစီအစဉ်အရ ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေနည်းပြည်သူများ နေရာဖြေရှင်းနိုင်ရန်အတွက် ပြည်သူ့အငှားအိမ်ရာစီမံကိန်း အိမ်ရာအခန်း ၁၀၀၀၀ တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူဦးရေထူထပ်သော မြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အငှားအိမ်ရာစီမံကိန်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ သတ်မှတ်ချိန် အချိန်မီပြီးစီးရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အဆောက်အအုံနှင့်အတူ ရေ၊ မီးပါ တစ်ပြိုင်တည်းရရှိရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရာစီမံကိန်း ရေပေးဝေမှုဆောင်ရွက်မည့် အစီအမံ၊ အိမ်ရာစီမံကိန်း အဝင်/အထွက် လမ်းနေရာတို့ကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဌာန ငါးခုတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပေါင်းစုစွမ်းအား
မြန်ပြည်တစ်လွှား
အစဉ်ရေးရှု
ပြည်ထောင်စု

# ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကြေညာချက်အမှတ် ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**
**ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်**
**စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် “တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA အတိုင်း အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် “၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်၏အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်လိုပါတယ်” ဟု ပြောကြားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီးဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာခိုင်မာမှုနှင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့်အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီအများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇)ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၂)ကြိမ်၊ စုစုပေါင်း(၃၄)ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့် ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် နီးနီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်(၃)ရပ်အနေဖြင့် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး” ဖြစ်ပြီး **နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး” ဖြစ်ပါသည်။ သို့ဖြစ်၍ **ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်**အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည်ဖြစ်ပါသည်။

၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက်ဖြစ်ပေါ်တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့်အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံးတက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်၌ ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

အဆိုပါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည့် ယနေ့နံနက်ပိုင်းတွင် လွှတ်တော်အဆောက်အအုံ၊ ကျောက်မျက်ရတနာပြတိုက်နှင့် Junction Centre တို့သို့ အဖွဲ့နှစ်ဖွဲ့ခွဲကာ သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် နေပြည်တော်ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြသည်။

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၃ ဦး၊ ကယားပြည်နယ်မှ ၂၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၇ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦးနှင့် ရခိုင်ပြည်နယ်မှ ၃၅ ဦး ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**



## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းပညာပေးသင်တန်း ဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၇**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းမြေအသုံးချရေး၊ မျိုးစေ့၊



သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းရုံးရှိ သင်တန်းခန်းမဆောင်တွင် မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းပညာပေးသင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများဖြစ်ကြသော စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းမြေအသုံးချတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က မြေဩဇာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမင်းလှက မျိုးစေ့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ တိုင်းသီးနှံကာကွယ်ရေး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ပညာပေးသင်တန်းပို့ချခဲ့သည်။

ထိုသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာနရှိ တိုင်းမြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးမှ ဝန်ထမ်းများနှင့် မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**

### ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Syringe ၂၇၀၀၀၊ ဆေးဝါးမျိုးစုံ ၂၀ စုစုပေါင်း ၃၈၈၀၉ ဒသမ ၀၈ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၁ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၇ ဌာန၌ ဖြေဆိုသူ ၅၁၃၃ ဦး၊ အောင်မြင်သူ ၃၆၅၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၃၉၃ ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံးဖြင့် ထူးချွန်ဆုရရှိသူများမှာ ပထမ၊ ခုံအမှတ်– ခါး – ၄၀၊ မယမင်းသူ၊ ညောင်ခါးရှည်စာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ဒုတိယ၊ ခုံအမှတ်– တမ – ၁၀၊ ဒေါ်စံပယ်လှိုင်၊ တာမွေစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ၊ ခုံအမှတ်– တမ – ၁၁၊ ဒေါ်ရှုချင်၊ တာမွေစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၆၇ ဌာန၌ ဖြေဆိုသူ ၉၁၀၊ အောင်မြင်သူ ၇၅၇ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၇၂ ဦးရှိ၍ ပြည်တွင်း/ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံးဖြင့် ထူးချွန်ဆုရရှိသူများမှာ ပထမ၊ ခုံအမှတ်– အမစ – ၁၄၊ ဒေါ်ခင်နှင်းကြည်၊ အောင်မြေသာစံ စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ၊ ခုံအမှတ်– အမစ – ၆၊ ဒေါ်နီလာအေး၊ အောင်မြေသာစံစာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တတိယ၊ ခုံအမှတ်– လှိုင် – ၆၈၊ ဒေါ်ခင်ဖြူဝင်း၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၅၆ ဌာန၌ ဖြေဆိုသူ ၇၁၂ ဦး၊ အောင်မြင်သူ ၅၉၇ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၂၅ ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံးဖြင့် ထူးချွန်ဆုရရှိသူများမှာ ပထမ၊ ခုံအမှတ်– အမစ – ၉၊ ဒေါ်စန်းစန်းငွေ၊ အောင်မြေသာစံ စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ၊ ခုံအမှတ်– လှိုင် – ၂၂၊ ဒေါ်ခင်ဝင်းရီ၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ၊ ခုံအမှတ်– မလ – ၂၊ မောင်စိုးသီဟ၊ မလှိုင်စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်သည်။

အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ " စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သီတဂူချင်းတွင်း သာမဏေကျော် ဗုဒ္ဓတက္ကသိုလ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ မီးတုတ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးမှု" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ပုလဲမြို့နယ် အင်မထီးကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်ပစ်ခတ်၊ နေအိမ်များအား မီးရှို့ဖျက်ဆီးမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉ ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်–ပြည်–မန္တလေး လမ်းပေါ်ရှိ ပန်းဆေးချောင်းတံတားဖွင့်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**

(၇၅)နှစ်မြောက် ပြည်ထောင်စုနေ့(စိန်ရတု) အထိမ်းအမှတ် ရန်ကုန်–ပြည်–မန္တလေးလမ်းပေါ်ရှိ အသစ်တည်ဆောက်ပြီးစီးသည့် ပန်းဆေးချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းဆေးချောင်းတံတားအပေါ် ဖြတ်သန်းကြည့်ရှု၍တက်ရောက်လာသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ကြသည်။

တံတားဦးမြို့နယ်အတွင်းရှိ အဆိုပါ ပန်းဆေးချောင်းတံတားသစ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် လုပ်ငန်းများစတင်ကာ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့ကြောင်း၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစား၊ အရှည် ပေ ၃၀၀၊ အကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေဖြစ်၍ ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၁၁၅၀ ကုန်ကျခဲ့ပြီး ယခုအခါ ရန်ကုန်–ပြည်–မန္တလေးလမ်းအား အသုံးပြု၍ အင်းဝမြို့နှင့် ဆက်စပ်သောမြို့များသို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည့်အပြင် ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည်ဖြစ်ကြောင်းနှင့် ဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်


နေပြည်တော်


နေပြည်တော်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

**အလှဆင်ထား**

အဆိုပါအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် နေပြည်တော်ရှိ လူစည်ကားရာ လမ်းဆုံများတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆိုင်းဘုတ်များစိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အထိမ်းအမှတ်ပါအလံများ စိုက်ထူထားခြင်းနှင့် ယင်းလမ်းတစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်များ ထွန်းညှိထားမှုများ၊ တိုင်းရင်းသားရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိသည်။


ရန်ကုန်မြို့ ဟံသာဝတီအဝိုင်း

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်း၊ မဟာဗန္ဓုလပန်းခြံအတွင်း ရောင်စုံအလှမီးများ ထွန်းညှိပြင်ဆင်ထားခြင်း၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်၌ ရောင်စုံအလှမီးများပြင်ဆင်၍ ဂုဏ်ပြုဆိုင်းဘုတ် စိုက်ထူထားခြင်း၊ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်းတို့၌ ရောင်စုံမီးအလှများ ဆင်ယင်ထားခြင်းနှင့် ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်းများဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြသည်။

**ကြိုတင်ပြင်ဆင်လျက်ရှိ**

အလားတူ အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်လည်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၏ (ဘွဲ့ကြို)သင်တန်းများ ဖွင့်လှစ်မည့် ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တို့တွင် အောက်ဖော်ပြပါသင်တန်းများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာ တက္ကသိုလ်များ၏ Facebook Page, Website တို့တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ တက္ကသိုလ်များသို့ တိုက်ရိုက်စုံစမ်းမေးမြန်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

❖ ဆေးတက္ကသိုလ်များ၏ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ) (၂/၂၀၂၂) **အတန်းသစ်**နှင့် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်အပိုင်း(က) (၂/၂၀၂၂)**အတန်းသစ်**

❖ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၏ စတုတ္ထနှစ် ဘီဒီအက်စ်(၁/၂၀၂၀)(ပုံမှန်)သင်တန်းနှင့် တတိယနှစ် ဘီဒီအက်စ်(၁/၂၀၂၀) (ပုံမှန်)သင်တန်း

❖ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး)နှင့် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တို့၏ တတိယနှစ်(၁/၂၀၂၀) (ပုံမှန်)သင်တန်းများ

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်လှစ်မည့် နေ့ရက်မတိုင်မီအထိ ဝင်ခွင့်လျှောက်ထားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီး၏ နေ့သင်တန်းနှင့် အဝေးသင်သင်တန်း ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များသို့ ဝင်ခွင့်မလျှောက်ထားရသေးသဖြင့် ဝင်ခွင့်လျှောက်ထားလိုသူများသည် မိမိပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများ (သို့မဟုတ်) အဆင့်မြင့် ပညာဦးစီးဌာန(ရန်ကုန်)တွင် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် လျှောက်လွှာပုံစံ တစ်စုံလျှင် ကျပ်၁၀၀၀/နှုန်းဖြင့် ထုတ်ယူနိုင်ပြီး **ကျောင်းဖွင့်လှစ်မည့်နေ့ရက်မတိုင်မီအထိ** အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်) သထုံလမ်း ကမာရွတ်မြို့နယ်သို့ လျှောက်ထားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကြည်သာအေးမြကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိမေဃဝတီ တောင်သမန်ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ မရမ်းကျောင်းတိုက်နှင့် သထုံမြို့နယ်ရှိ နန္ဒဝန်ကျောင်းတိုက်တို့သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကိုဗစ်-၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်တွင် ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် ရုံးဝန်ထမ်းများက ကော့သောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်ထားရှိသည့် ကိုဗစ်စင်တာသို့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ အင်အားဖြည့်အစားအစာများနှင့် ရေသန့်များ ထောက်ပံ့လှူဒါန်းခဲ့ရာ အဆိုပါ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်၊ ဒေါက်တာလင်းထိုက်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းနှင့် ကိုဗစ်-၁၉ ကုသရေးစင်တာများသို့လည်း ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာခြင်းလုံးခတ်ပညာ သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ပညာရေးဒီဂရီကောလိပ်ပညာနေခြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အမှုဆောင်များ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က မြန်မာ့ရိုးရာခြင်းလုံးအကြောင်း ရှင်းလင်းပြောကြားပြီး သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းသီအောင်က ကျေးဇူးတင်စကားပြောကြားသည်။

"မြန်မာ့ရိုးရာအားကစားနည်းစစ်စစ်ဖြစ်တဲ့ရိုးရာခြင်းလုံးခတ် အတတ်ပညာကို အခြေခံပညာကျောင်းများအထိ ရောက်စေချင်လို့ဖြစ်ပါတယ်။ ဒါမှလည်း ကျောင်းသားလူငယ်တွေ ရိုးရာခြင်းလုံးပညာကို စိတ်ဝင်စားပြီး လေ့ကျင့်ကြမယ်ဆိုရင် တစ်ချိန်မှာ နိုင်ငံ့လက်ရွေးစင်များအထိ တိုးတက်ဖြစ်ထွန်းလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီသင်တန်းကိုဝါရင့်ခြင်းပညာရှင်တွေက ရိုးရာခြင်းခတ်ပညာအခြေခံထိခြောက်ချက်ကနေ တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က ပြောသည်။

"အခြေခံပညာကျောင်းတွေရဲ့ သင်ရိုးညွှန်းတမ်းမှာလည်း သင်ခန်းစာ၊ စစ်ဆေးရေးဆွဲသွားဖို့အတွက်ကြောင့် ဒီသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ သင်တန်းနည်းပြတွေ လက်တွေ့သင်ကြားပေးမှာဖြစ်တဲ့အတွက် မိမိတာဝန်ကျရာ ကျောင်းတွေမှာ အခြေခံစနစ်တကျ ပြန်လည်သင်ကြားပေးသွားမှာဖြစ်ပါတယ်" ဟု သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းသီအောင်က ပြောသည်။

အဆိုပါသင်တန်းသို့ သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်းမှ ဆရာ ဆရာမ ၁၅၀ ခန့် တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၇ ရက်မှ ၁၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇလစိုး**



# စစ်မှန်စည်းကမ်းပြည့်ဝမှုနှင့် . . . ဖက်ဒရယ်ဒီမိုကရေစီဟူသည်

မိုးမြင့်

နိုင်ငံတော်၏ အနာဂတ်အတွက် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ဒီမိုကရေစီကို တည်ဆောက်သွားမည်ဟု အလေးအနက်အာမခံထားပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်သည် မြန်မာ့ဒီမိုကရေစီနှင့် နိုင်ငံရေးစနစ်တစ်ခုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သကဲ့သို့ ၁၃၅ မျိုးသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် မြန်မာနိုင်ငံတော်အတွက် ဖက်ဒရယ်ဒီမိုကရေစီစနစ်သည်သာ အသင့်တော်ဆုံးဖြစ်သည်ဟုလည်း ဆိုထားပါသည်။

**အတုယူ ခိုးချစရာမလိုပါ**

ကျွန်တော်တို့နိုင်ငံတွင် မိမိနိုင်ငံနှင့်ဆီလျော်လိုက်ဖက်သော ခိုင်မာသည့်ဒီမိုကရေစီစနစ်တစ်ခုတော့ ရှင်သန်မြဲမြံဖို့လိုနေသည်။ ပုံစံအမျိုးမျိုးသော ဒီမိုကရေစီစနစ်အမျိုးမျိုးကိုလည်း ကမ္ဘာ့နိုင်ငံများတွင် တွေ့ရပါလိမ့်မည်။ ပုံစံမျိုးစုံထဲကမှ မိမိနိုင်ငံနောက်ခံသမိုင်းကြောင်းနှင့် နိုင်ငံရေးဖြစ်စဉ်များ၊ ပထဝီဝင်နှင့် တိုင်းရင်းသားများအနေအထား၊ နိုင်ငံသားများ၏ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အပေါ်မူတည်၍ ပုံစံတစ်မျိုးကိုကျင့်သုံးသင့်သည်။

နိုင်ငံခြားတိုင်းပြည်များ၏ပုံစံသည် သူ့ပုံစံနှင့်သူသာဖြစ်သည်။ သူ့အမျိုးသားအကျိုးစီးပွားအတွက် သူနှင့်လိုက်ဖက်သလို ကျင့်သုံးသည်ဖြစ်၍ အတုယူခိုးချစရာမလို၊ ကောင်းသောကျင့်စဉ်နှင့် အသုံးတည့်မည့်အချက်များကိုသာ ယူရပါမည်။ ကောင်းလှပါသည်ဆိုသော ဒီမိုကရေစီကျင့်စဉ်များအနက်မှ မိမိနိုင်ငံနှင့်ဆီလျော်စွာ လက်တွေ့ကျကျ ထုတ်ယူအသုံးချနေသော ပါတီစုံမဟုတ်သည့် တစ်ပါတီအုပ်ချုပ်သည့် နိုင်ငံများစွာလည်းရှိနေပြီး ထိုနိုင်ငံများတွင် နိုင်ငံတည်ငြိမ်ပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများစွာ ရှိနေသည်ကိုလည်း တွေ့ရပါသည်။

**ဒီမိုကရေစီကိုတလွဲအသုံးချနေခြင်းကြောင့်သာ**

ဒီမိုကရေစီအမည်ခံထားသော်လည်း ဒီမိုကရေစီစံနှုန်းများအတိုင်းမဖြစ်သည့် နိုင်ငံများစွာလည်းရှိသည်။ ဒီမိုကရေစီဆိုသော အမည်ပညတ်ကို ကိုယ်ပိုင်ဥစ္စာအဖြစ် တလွဲသုံးပြီး အခြားသူများ



အကြမ်းဖက်အုပ်စုများက ဒီမိုကရေစီကို မျက်ကွယ်ပြု၍ နိုင်ငံအလုံးစုံပျက်သုဉ်းရေး ဦးတည်ကာ မြို့နယ်ရဲစခန်းများအား မီးရှို့ဖျက်ဆီးခဲ့ရာ ၁၄-၃-၂၀၂၁ ရက်နေ့က လှိုင်သာယာရဲစခန်းအား အကြမ်းဖက်သမားများက အကြမ်းဖက်မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

ကိုတော့ ဒီမိုကရေစီမရှိဘူးဆိုကာ ဘယ်ပေတံဖြင့် တိုင်းသည်မသိ၊ လက်ညှိုးထိုးစွပ်စွဲနေသော ဒီမိုကရေစီဘိုးအေနိုင်ငံကြီးများလည်းရှိသည်။ ဒီလိုဒီမိုကရေစီ အနိုင်ကျင့်နေသောနိုင်ငံများကြောင့်လည်း တန်ဖိုးထားခံရသောဒီမိုကရေစီမှာ တန်ဖိုးများ ယုတ်လျော့လာနေသည်၊ နောက်ပြန်ဆွဲနေသည်၊ ပျက်စီးလွယ်နေသည်ကို ဝမ်းနည်းစွာတွေ့မြင်နေရသည်။

ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်အချို့မှာ ဒီမိုကရေစီတန်ဖိုးကျနေသည်ကို ထင်ထင်ရှားရှားတွေ့ရပါလိမ့်မည်။ နိုင်ငံရေးသမားများကိုယ်တိုင် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းမသိ၊ စံနှုန်းအတိုင်းမကျင့်၊ အတ္တများပြီး ဒီမိုကရေစီတန်ဖိုးကို ပျက်အောင်လုပ်နေကြ၍ပဲဖြစ်မည်။ ဒီမိုကရေစီဆိုသော ဝေါဟာရ၏ရှေ့တွင် မိမိအကျိုးစီးပွားအတွက် နာမဝိသေသန

> **အများဆန္ဒအရ ပြည်သူ့ထံမှလာသောအာဏာကို ပြည်သူအတွက် ပြန်လည်အသုံးပြုသလား၊ ပြည်သူ့အကျိုးကိုရှေးရှု၍ အမှန်တကယ် အလုပ်လုပ်မည့်သူအားလုံးရော ပြည်သူကို ကိုယ်စားပြု၍ ပါဝင်ခွင့်ရပါရဲ့လား။ အတ္တများပြီး တန်းတူညီမျှမှုရော ရှိကြပါရဲ့လား၊ အများအကျိုးအတွက် အနည်းစုဆန္ဒကိုရော အလေးထားပါရဲ့လား၊ တာဝန်ယူ တာဝန်ခံမှုရောရှိကြရဲ့လား၊ ပြည်သူကို ကိုယ်စားပြုသည်ဆို၍ ထင်သာမြင်သာရော ရှိရဲ့လား၊ ပြည်သူများကိုယ်တိုင် လွတ်လွတ်လပ်လပ် တရားမျှတစွာဖြင့် မဲပေးခွင့်ရော ရကြပါရဲ့လား၊ ရိုးသားပြီး သည်းခံစိတ်မွေးနိုင်ကြရဲ့လား၊ စည်းကမ်းရှိပြီး ဥပဒေကို လေးစားလိုက်နာမှုရောရှိရဲ့လား၊ အဂတိကင်း၍ တရားဥပဒေစိုးမိုးမှုရှိပါသလား စသည်ဖြင့်မေးခွန်းများစွာဖြင့် တိုင်းတာသောအချက်များသည် ဒီမိုကရေစီစံနှုန်းများပင်ဖြစ်**

အမျိုးမျိုးကိုချဲ့ထွင်၍ လှည့်ပတ်သုံးစွဲနေကြပြီး အဓိပ္ပာယ်အမျိုးမျိုးကို လိုသလိုကောက်ယူနေကြခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ပြည်သူများကတော့ ဒီမိုကရေစီအသံကြားလိုက်သည်နှင့် ငါတို့ဘဝတွေ နေ့ချင်းညချင်းကောင်းစားသွားတော့မယောင်ယောင် ဆန္ဒစောပြီး အကောင်းမြင်လွန်းသောကြောင့်လည်းဖြစ်မည်။

ဒီမိုကရေစီစနစ်အပေါ်တွင် ပြည်သူတို့၏ မျှော်လင့်ချက်ကြီးမားနေခြင်းကိုလည်း အဆိုးမဆိုသာပါ။ အဓိပ္ပာယ်ကိုက "ပြည်သူတို့ဆီကဆင်းသက်လာသောအာဏာကို ပြည်သူတို့အကျိုးအတွက် ပြည်သူကိုတာဝန်ခံ၍ ပြည်သူ့ထံသို့ ပြန်လည်စီးဆင်းစေခြင်း" ဖြစ်သည်ဟု ဆိုထားသည်မဟုတ်ပါလား။ ပြည်သူ့ထံမှလာသော အာဏာကို တလွဲအသုံးချနေ၍သာ၊ ပြည်သူ့အကျိုးရှေးရှုမှုမရှိသည့်အခါတွင်သာ အဆိုးဘက်သက်ရောက်မှုက ကြီးမားသွားခြင်းဖြစ်သည်။

**စစ်မှန်မှုဟူသည်**

တကယ်တော့ "စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော" ဆိုသည့်စကားစုနှင့် ပံ့ပိုးထားသော ဒီမိုကရေစီဆိုသောအဓိပ္ပာယ်သည် အနှစ်သာရများစွာရှိနေသည်ကို သတိထားမိပါသည်။ ဒီမိုကရေစီကျင့်သုံးနေပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝမတိုးတက်၊ မတည်ငြိမ် မငြိမ်းချမ်းဘူးဆိုလျှင် ကျင့်သုံးနေသည်ဆိုသော ဒီမိုကရေစီသည် စစ်မှန်သည်ဟု ဘယ်နည်းနှင့်မျှ မဆိုနိုင်ပါ။ ဒီမိုကရေစီစံနှုန်းများအတိုင်းဆောင်ရွက်နေပါသည်ဆိုသူတို့၏ အသိမှားအမြင်မှား၊ ဖောက်လွဲဖောက်ပြန်မှုများကြောင့်သာဖြစ်ရသည်ဟု တစ်ထစ်ချဆိုနိုင်ပါသည်။

**အများဆန္ဒအရ ပြည်သူ့ထံမှလာသော အာဏာကို ပြည်သူအတွက် ပြန်လည်အသုံးပြုသလား၊ ပြည်သူ့အကျိုးကို ရှေးရှု၍ အမှန်တကယ် အလုပ်လုပ်မည့်သူအားလုံးရော ပြည်သူကို ကိုယ်စားပြု၍ ပါဝင်ခွင့်ရပါရဲ့လား။ အတ္တများပြီး တန်းတူညီမျှမှုရော ရှိကြပါရဲ့လား၊ အများအကျိုးအတွက် အနည်းစုဆန္ဒကိုရော အလေးထားပါရဲ့လား၊ တာဝန်ယူ တာဝန်ခံမှုရော ရှိကြရဲ့လား၊ ပြည်သူကို ကိုယ်စားပြုသည်ဆို၍ ထင်သာမြင်သာရောရှိရဲ့လား၊ ပြည်သူများကိုယ်တိုင် လွတ်လွတ်လပ်လပ်တရားမျှတစွာဖြင့် မဲပေးခွင့်ရောရကြပါရဲ့လား၊ ရိုးသားပြီး သည်းခံစိတ်မွေးနိုင်ကြရဲ့လား၊ စည်းကမ်းရှိပြီး ဥပဒေကို လေးစားလိုက်နာမှုရောရှိရဲ့လား၊ အဂတိကင်း၍ တရားဥပဒေစိုးမိုးမှုရှိပါသလား စသည်ဖြင့်မေးခွန်းများစွာဖြင့် တိုင်းတာသောအချက်များသည် ဒီမိုကရေစီစံနှုန်းများပင်ဖြစ်သည်။**

ဘယ်လိုပုံစံဖြင့် ဒီမိုကရေစီကို ကျင့်သုံးသည်ဖြစ်စေ ထိုထိုစံနှုန်းများကတော့ ဒီမိုကရေစီ၏ အသက်သွေးကြောများပင်ဖြစ်သည်။ ထိုစံနှုန်းများ ပျောက်လျှင် ဒီမိုကရေစီလည်း ပျောက်မည်ဖြစ်သည်။ ထိုစံနှုန်းများမရှိလျှင် စစ်မှန်သော ဒီမိုကရေစီမရှိဟုဆိုချင်သည်။ ရွေးကောက်ပွဲပြုလုပ်ရုံ၊ ပြည်သူ့အစိုးရဖြစ်ရုံနှင့်လည်း မလုံလောက်ပါ။ လုပ်သမျှသည် ပြည်သူ့အကျိုးစီးပွားကို ထိထိရောက်ရောက်နှင့် အမှန်တကယ်ဖြစ်ထွန်းစေမှသာ စစ်မှန်သောဒီမိုကရေစီဟု ခေါ်နိုင်မည်ဖြစ်ပါသည်။

**လွတ်လပ်မှုနှင့် စည်းကမ်းပြည့်ဝမှု**

ဒီမိုကရေစီတွင် လွတ်လပ်မှုဟူသော စကားလုံးကိုလည်း တွင်တွင်ကျယ်ကျယ်သုံးကြသည်။ လွတ်လပ်စွာ ဟောပြောစည်းရုံးခွင့်၊ အသင်းအပင်းများ ဖွဲ့စည်းထူထောင်ခွင့်၊ မဲပေးရွေးချယ်တင်မြှောက်ခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်၊ သတင်းရယူခွင့် စသည်ဖြင့်ဖြစ်သည်။ လွတ်လပ်စွာဟူသော စံနှုန်းအောက်တွင်ပင် ပရမ်းပတာလွတ်လပ်မှုကြောင့် ဒီမိုကရေစီသည် ကျဆုံးနိုင်ခြေရှိပြန်သည်ကို သတိထားရန်လိုသည်။ စည်းမရှိကမ်းမရှိ လွတ်လပ်မှုမျိုးသည် အုပ်ချုပ်ရေးကဏ္ဍကို ထိခိုက်နိုင်သည့်အပြင် တရားဥပဒေစိုးမိုးရေးအပေါ်တွင်လည်း ဆိုးရွားသောသက်ရောက်မှုရှိသောကြောင့်ဖြစ်သည်။

စာမျက်နှာ ၉ သို့ ❑



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

❒ စာမျက်နှာ ၈ မှ

တစ်ဦးချင်းဆိုင်ရာ လူ့အခွင့်အရေး အကာအကွယ်အောက်တွင် လွတ်လပ်ခွင့်ရှိသော်လည်း အများပြည်သူအတွက် အနှောင့်အယှက်မဖြစ်စေသင့်၊ အမုန်းတရားအတွက် ထိုးနှက်မှုတစ်ခုမဖြစ်သင့်၊ အစိုးရ၏ဂုဏ်သိက္ခာကို အကြည်ညိုမပျက်စေသင့်၊ လူတစ်ဦးတစ်ဖွဲ့၏ လွတ်လပ်မှုက အများကိုမထိခိုက်သင့်ဟု ယူဆသည်။ တစ်ခါတစ်ရံ လွတ်လပ်သည့်အတွေးအခေါ်များကြောင့်ပင် လူ့အဖွဲ့အစည်းတွင် အနုတ်လက္ခဏာဆောင်သွားတတ်သည်ကို သတိမူသင့်ပါသည်။ လွတ်လပ်မှုကို ထိန်းကွပ်သည်မှာ စည်းကမ်းဖြစ်သည်။ လွတ်လပ်မှုနှင့် စည်းကမ်းသည် ဒွန်တွဲနေပြီး စည်းကမ်းမဲ့ခြင်းသည် လွတ်လပ်မှုကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ ဒီမိုကရေစီ၏တန်ဖိုးကို အကဲဖြတ်ရာတွင် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းသည် မရှိမဖြစ်အရာဖြစ်သည်။ ဥပဒေကို ရိုသေလေးစားလိုက်နာပြီး စည်းကမ်းနှင့်အညီ နေထိုင်တတ်သည့် နိုင်ငံသားများရှိသည့်နိုင်ငံတွင်သာ ကျင့်ဝတ်နှင့်ညီသော ဒီမိုကရေစီတန်ဖိုးများ မြင့်မားနေတတ်ပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံအဖြစ်ဟူ၍လည်း သတ်မှတ်ထိုက်ပါသည်။

### ဘာသာတရားအဆုံးအမများနှင့်ထပ်တူ ဒီမိုကရေစီကျင့်စဉ်

စနစ်တစ်ခုမှ စနစ်တစ်ခုသို့ အသွင်ကူးပြောင်းစ ဒီမိုကရေစီနိုင်ငံတိုင်းတွင် အဓိကတွေ့ရသည့် စိန်ခေါ်မှုမှာ အားပြိုင်မှုပင်ဖြစ်သည်။ မရင့်ကျက်သေးသည့်သဘောက အလွဲလွဲအချော်ချော်ဖြစ်တတ်သည်ကို အထူးသတိပြုရန်လိုပါသည်။ ဒီမိုကရေစီကို အသက်သွင်းလိုက်သည်နှင့် တစ်ပြိုင်နက် ပါလာသည်က မဏ္ဍိုင်သုံးရပ်အကြား အပြန်အလှန်ထိန်းကျောင်းမှုပင်ဖြစ်သည်။

မဏ္ဍိုင်သုံးရပ်စလုံးတွင် တစ်ပါတီတည်း ကြီးစိုးသွားသည့်အခါ ပို၍ဆိုးသွားသည်။ ရံဖန်ရံခါ နိုင်ငံရေးအားပြိုင်မှုမျိုး သို့မဟုတ် ဒီမိုကရေစီ အာဏာရှင်ပုံစံမျိုးအထိ ရောက်သွားတတ်သည်။ လျှောက်လှမ်းမည့် ဒီမိုကရေစီအတွက် အလွန်အန္တရာယ်ကြီးလှ၍ သတိထားလျှောက်လှမ်းပြီး ကောင်းမွန်သော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်ယူရပါမည်။

အချုပ်အခြာနှင့် အမျိုးသားအကျိုးစီးပွားကိုသာ အခြေခံသော၊ ဗြဟ္မာစိုရ်တရားလေးပါး ကိုယ်ကျင့်သီလ ဓမ္မတရားကိုအခြေခံသော၊ အမျိုးဘာသာ သာသနာနှင့် ယဉ်ကျေးမှုအစဉ်အလာကောင်းများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သော ဘုံရပ်တည်ချက်များရှိသည့် မြန်မာ့နည်းမြန်မာ့ဟန် ဒီမိုကရေစီသည်သာ နိုင်ငံနှင့် နိုင်ငံသားများ အားလုံးအတွက် ပို၍အကျိုးရှိမည်ထင်ပါသည်။ မြန်မာ့နည်းမြန်မာ့ဟန်ဆို၍ အများစုလက်ခံသော ဒီမိုကရေစီစံနှုန်းများဆိုသည်ကို ပစ်ပယ်ထားခြင်းလည်းမဟုတ်ပါ။ ဗုဒ္ဓဘာသာအပါအဝင် မည်သည့်ဘာသာတွင်မဆို သတ်မှတ်ပြဋ္ဌာန်းရှိနှင့်ပြီးသား ကိုယ်ကျင့်သီလဆိုင်ရာလမ်းညွှန်ချက် အဆုံးအမများသည် ယနေ့ခေတ်ဒီမိုကရေစီကျင့်စဉ်များနှင့် ကိုက်ညီသည်ဖြစ်၍ ထိုဘာသာတရားအဆုံးအမများအတိုင်း ကျင့်ကြံလိုက်နာခြင်းသည်ပင် ဒီမိုကရေစီစံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်မည့် ကိုယ်စားလှယ်များသည် အထွေထွေရွေးကောက်ပွဲများမှတစ်ဆင့် ယှဉ်ပြိုင်အရွေးခံပြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြရသည်။ ထိုအခါ ပြည်သူ့ဆန္ဒအမှန်ဖြစ်စေမည့် ရွေးကောက်ပွဲများအတွက် လွတ်လပ်ပြီး သန့်ရှင်းတရားမျှတရန် လိုအပ်ချက်သည် အထူးအရေးကြီးလာပါသည်။

**ပွင့်လင်းမြင်သာမှုရှိပြီး လွတ်လပ်၊ သန့်ရှင်း၊ တည်ငြိမ်၊ လုံခြုံသောရွေးကောက်ပွဲတစ်ခုသည် စစ်မှန်စည်းကမ်းပြည့်ဝမှုဂုဏ်ပုဒ်ကို ထင်ဟပ်သကဲ့သို့ ပွင့်လင်းမြင်သာမှုမရှိသော မည်သည့်ရွေးကောက်ပွဲများမဆို ရွေးကောက်ပွဲရလဒ်ကို အကြီးအကျယ်ပြောင်းလဲပြီး အဆိုးသဘောသက်ရောက်မှုများစွာ ရှိနိုင်သည့်အတွက် သန့်ရှင်းပြီးတရားမျှတမှုကို အထူးလိုအပ်ခြင်းလည်းဖြစ်ပါသည်။**

### ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသောပြည်ထောင်စု

ဒီမိုကရေစီနှင့် ဖက်ဒရယ်အိပ်မက်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေး ဖိတ်ခေါ်မှုများနှင့်အတူ ငြိမ်းချမ်းရေးခြေလှမ်းများ ယခုကာလကတည်းက စတင်နေပြီဖြစ်ပါသည်။ တွေ့ဆုံညှိနှိုင်းပေါင်းစပ်မှုအကြိမ်ကြိမ်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်တွင် စစ်ဘက်/ အရပ်ဘက်/ တိုင်းရင်းသားမျိုးစုံ ပါဝင်ဖွဲ့စည်းဆောင်ရွက်မှုများက သက်သေခံနေပါသည်။ လွှတ်တော်များမှာ မတူကွဲပြား တိုင်းရင်းသားလူမျိုးပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ရပါမည်။ ထို့အတွက်လည်း အချိုးကျ ကိုယ်စားပြုရွေးကောက်ပွဲစနစ် (PR)ကို သွားနေပါပြီ။

PR က မတူညီမှုများအတွက် တူညီသောအခွင့်အရေးများပေးနိုင်တော့မည်လား၊ လူနည်းစု၏ဆန္ဒနှင့်အသံကို ပိုမိုကြားနိုင်၊ ဆောင်ရွက်နိုင်တော့မည်ဟု ခံယူချက်နှင့်အညီ တန်းတူရည်တူအခွင့်အရေးများကို PR စနစ်က ပို၍ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိမည်ဟု ယုံကြည်မိပါသည်။ PR သည် ဖက်ဒရယ်၏အခြေခံပင်ဖြစ်သည်။ မတူကွဲပြားသောဒေသများ၊ လူမျိုးများအကြား ပေါင်းစည်းနေထိုင်၍ စုစုစည်းစည်းလုပ်ကိုင်ကြပြီး လုပ်ကိုင်နိုင်ခွင့်အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးကာ မျှဝေခံစားခြင်းဟူသော သဘောတရားကို အခြေခံထားသည်ကိုတွေ့ရသည်။ လက်ရှိမိမိတို့နိုင်ငံ အနေအထားနှင့် ပို၍သဟဇာတဖြစ်ပါသည်။

### ဒီမိုကရေစီကျင့်စဉ်အစ စာသင်ကျောင်းကသာ

စစ်မှန်ပြီး စည်းကမ်းပြည့်ဝမှု လမ်းကြောင်းမှန်ကို ပြည်တွင်းအားကိုအခြေခံ၍ ပြည်သူအားလုံးပူးပေါင်းပါဝင်မှသာလျှင် ရရှိနိုင်ပါမည်။ ရေရှည်အစီအစဉ်အနေဖြင့် နိုင်ငံတွင်ကျင့်သုံးမည့် ဒီမိုကရေစီနှင့် လိုက်ဖက်မည့် လူသားအရင်းအမြစ်များစွာကို ပညာရေးကိုအခြေခံ၍ မွေးထုတ်ရန် လိုအပ်နေပါသေးသည်။ ရေတိုအစီအစဉ်ကတော့ တည်ငြိမ်သောနိုင်ငံရေးဖြစ်ရန် လိုအပ်ချက်နှင့်အတူ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ကြိုးပမ်းဆောင်ရွက်ရေးပင်ဖြစ်သည်။

စိန်ခေါ်မှုလည်းကြီးမားဆဲဖြစ်သည်။ စာသင်ကျောင်းများက အစပြုလိုက်သော လောကနီတိ ကျင့်ဝတ်သင်ရိုးများကသာ စံပြနိုင်ငံသားကောင်းများကို မွေးထုတ်ပေးရာရောက်ပြီး ထိုထိုသော နိုင်ငံသားကောင်းများကသာ မိမိတို့လိုချင်သော တန်ဖိုးမြင့်ဒီမိုကရေစီကျင့်စဉ်ကို ပုံဖော်နိုင်မည်ဟုယုံကြည်ပါသည်။ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားမှု၊ လေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိမှု၊ ဘာသာတရားယဉ်ကျေးမှုကို ရိုသေကိုင်းရှိုင်းမှု၊ အများဆန္ဒ၊ အနည်းစုဆန္ဒကို လေးစားမှု၊ အဆိုးအကောင်းချိန်ဆတတ်မှု၊ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းအား၊ စည်းကမ်းဥပဒေ လေးစားလိုက်နာတတ်မှု၊ တာဝန်ယူတာဝန်ခံတတ်မှု စသည်စသည်အချက်များသည် ဒီမိုကရေစီစံနှုန်း၊ မိမိတို့လျှောက်လှမ်းချင်သော မည်သည့်ဒီမိုကရေစီကျင့်စဉ် မည်သည့်ပုံစံအတွက်မဆို မျိုးစေ့ကောင်း၊ ခိုင်မာသော အခြေခံအုတ်မြစ်များပင်ဖြစ်ပါသည်။

ယခုတင်ပြခဲ့သောအချက်များသည် အနာဂတ်တွင် ပုံဖော်တော့မည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအဆောက်အအုံတစ်ခုမှာ ကြုံတွေ့ရနိုင်သော စိန်ခေါ်မှုများနှင့်အတူ ရင်ဆိုင်နိုင်ရန်နှင့် သင်ခန်းစာယူရမည့်အချက်များဖြစ်ပါသည်။ ယခုကာလ အနှောင့်အယှက်များက ဒီမိုကရေစီအရေးထက် နိုင်ငံအလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေသည်ကို မြင်တွေ့နေရသည်။ ဒီမိုကရေစီကိုလိုချင်လျှင် ဒီမိုကရေစီပုံရိပ်များ ကျဆင်းအောင်ပြုမူသည့် အပြုအမူများအားလုံးကို ရှောင်ရှားဖယ်ရှားကြရမည် သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**“တစ်ဦးချင်းဆိုင်ရာ လူ့အခွင့်အရေးအကာအကွယ်အောက်တွင် လွတ်လပ်ခွင့်ရှိသော်လည်း အများပြည်သူအတွက် အနှောင့်အယှက်မဖြစ်စေသင့်၊ အမုန်းတရားအတွက် ထိုးနှက်မှုတစ်ခုမဖြစ်သင့်၊ အစိုးရ၏ဂုဏ်သိက္ခာကို အကြည်ညိုမပျက်စေသင့်၊ လူတစ်ဦးတစ်ဖွဲ့၏ လွတ်လပ်မှုက အများကိုမထိခိုက်သင့်ဟု ယူဆသည်။ တစ်ခါတစ်ရံ လွတ်လပ်သည့်အတွေးအခေါ်များကြောင့်ပင် လူ့အဖွဲ့အစည်းတွင် အနုတ်လက္ခဏာဆောင်သွားတတ်သည်ကို သတိမူသင့်ပါသည်။ လွတ်လပ်မှုကို ထိန်းကွပ်သည်မှာစည်းကမ်းဖြစ်သည်။ လွတ်လပ်မှုနှင့် စည်းကမ်းသည် ဒွန်တွဲနေပြီး စည်းကမ်းမဲ့ခြင်းသည် လွတ်လပ်မှုကို ဖျက်ဆီးခြင်းပင်ဖြစ်”**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ညီနောင်ထု တည်ထောင်ပြု စိန်ရတု ပြည်ထောင်စု

ထက်ဝေအောင်(စစ်ကိုင်း)



ကမ္ဘာ့နိုင်ငံအသီးသီးသည် သမိုင်းနောက်ခံ အချက်အလက်ပုံစံအမျိုးမျိုးဖြင့် မိမိနိုင်ငံ ရေရှည်ဖွံ့ဖြိုးရေးကို ဦးတည်ဖော်ဆောင်ကြသည်။ မတူကွဲပြားမှုအလွှာများကို အတတ်နိုင်ဆုံးလျှော့ချ၍ သင့်တော်သောနည်းလမ်းများကို အသုံးပြုကြသည်။ ပေါင်းစည်းသောပုံစံဖြင့် နိုင်ငံကို ကိုယ်စားပြုခဲ့ကြသည်။ စနစ်ကောင်းကို ရွေးချယ်အသုံးပြုမှု အားသာချက်သည် လွန်စွာထိရောက်မှုရှိသည်။ စနစ်ကောင်းဟုဆိုရာတွင် တိကျသောဥပဒေပြဋ္ဌာန်းမှု၊ စီမံဆောင်ရွက်မှုကို ရည်ညွှန်းပြီး နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများသည် အဆိုပါစနစ်ကောင်းကိုတစ်ပြေးညီလေးစားလိုက်နာရန်လိုသည်။ လူ့တန်ဖိုးနှင့် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး ကြိုးစားဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကို စောင့်ရှောက်နေခြင်းဖြစ်ပါသည်။

### ငြိမ်းချမ်းရေးအုတ်မြစ်

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံ၏စီမံအုပ်ချုပ်ပုံကောင်းမွန်မှုကို ဖော်ညွှန်းသော်လည်း လူတစ်ဦးချင်းစီ၏ စည်းကမ်းလိုက်နာမှုအပေါ်တွင် တည်မှီနေသည်။ လူ့တန်ဖိုးကို အစွမ်းကုန်မြှင့်တင်ပြီး တစ်ပြေးညီဖွံ့ဖြိုးရေးလမ်းမထက်ကို တက်လှမ်းလာကြခြင်းသာဖြစ်သည်။ သဘောထားတင်းမာမှု၊ ငြင်းခုံမှုများသည် နေရာတိုင်းတွင် တည်ရှိနေမည်ဖြစ်သော်လည်း နိုင်ငံအရေးအလေးပေးစဉ်းစားသူတိုင်း၏ နှလုံးအိမ်တွင် ငြိမ်းချမ်းရေးအုတ်မြစ် ခိုင်မာနေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ခိုင်မာတောင့်တင်းမှုကို ကြည့်လိုလျှင် စည်းလုံးညီညွတ်မှုပေတံဖြင့်သာ တိုင်းတာသိရှိနိုင်သည်။ စည်းလုံးမှုသည် အစဉ်မရှိ။ သွေးခွဲသပ်လျှိုသူများ၊ မြှောက်ထိုးပင့်ကော်သူများ၏ ဉာဏ်များမှုအောက်တွင် ပြိုကွဲကြရသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှုသည် လွန်စွာအရေးကြီးသည်။ ထင်းစည်းပမာပြုထားသည့် စည်းလုံးမှု၏အင်အားကို မျက်ဝါးထင်ထင် သိရှိနိုင်သည်။ ထင်းကို တစ်ချောင်းချင်းချိုးလျှင် ကျိုးနိုင်သကဲ့သို့ စည်းလုံးမှုမရှိလျှင် ပြည်ပ၏ ခြိမ်းခြောက်မှုရန်စွယ်အမျိုးမျိုး၊ ကျူးကျော်မှုပုံစံအမျိုးမျိုး ခံရနိုင်ဖွယ်လည်းရှိသည်။ သို့ဖြစ်၍ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အတွေးအမြင်ချင်းဖလှယ်၍ ညှိနှိုင်းအဖြေရှာသည့် နည်းလမ်းဖြင့် နိုင်ငံ့အကျိုး ရှေးရှုဆောင်ရွက်ကြရပါမည်။ ရှုထောင့်အမြင် မှန်ကန်စွာဖြင့် နိုင်ငံ့အကျိုး ရှေးရှုတည်ဆောက်ကြလျှင် ပြည်ထောင်စုကြီး အမြန်ဆုံး အေးချမ်းသာယာလာမည်ဖြစ်သည်။

### စီးပွားရေးစနစ်တစ်ရပ်

ရှုပ်ထွေးသော အခက်အခဲစိန်ခေါ်မှုများသည် နိုင်ငံတိုင်းကြုံတွေ့ရသည့် ပြဿနာများဖြစ်ပေသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုသည် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံးဆီသို့ သွယ်ဝိုက်ရောက်ရှိလာမည်သာဖြစ်သည်။ စီးပွားရေးကျဆင်းမှုသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို များစွာနောက်ကျစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခန်းကဏ္ဍများကိုလည်း အားပျော့စေသည်။ ပိုမိုအားကောင်းသော စီးပွားရေးတစ်ရပ်ထူထောင်ရာတွင် ပြည်တွင်း၌ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဝယ်ယူသုံးစွဲခြင်း၊ ပြည်ပတင်ပို့ခြင်း ကျင့်စဉ်များကို အားပေးဖော်ဆောင်ရမည်ဖြစ်သည်။ စီးပွားရေးစနစ်တစ်ရပ်သည် နိုင်ငံသူ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မှုကိုပါ လမ်းဖွင့်ပေးသောစနစ်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းစုများ ပိုမိုများပြားလာရေးအဓိကကျသည်။ နိုင်ငံအတွင်း စနစ်ကျသော အခြေခံအဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးလာပါက စီးပွားရေးဟန်ချက်ညီသည်ဟု ဆိုနိုင်သည်။

### အမျိုးဂုဏ်၊ ဇာတိဂုဏ်

အမျိုးဂုဏ်၊ ဇာတိဂုဏ်သည် ထိန်းသိမ်းအပ်သော ယဉ်ကျေးမှုအမွေဖြစ်ပေသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာများသည် လွန်စွာချစ်စရာကောင်းပေသည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသား ၁၃၅ မျိုး မှီတင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းက ဂုဏ်ယူဖွယ်ကောင်းလှပါသည်။ တိုင်းရင်းသားတစ်မျိုးချင်းစီသည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့စရိုက်များစွာရှိပေသည်။ အပြန်အလှန်လေးစားစိတ်၊ ချစ်ခင်တန်ဖိုးထားစိတ်များလည်း အသီးသီးပိုင်ဆိုင်ထားရှိကြသည်။ အများအားဖြင့် ယဉ်ကျေးပျူငှာသော ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ပါသည်။

အတိတ်သမိုင်းတွင်လည်း ကိုလိုနီနယ်ချဲ့ဝါဒတစ်ရပ်ဖြင့် မြန်မာ့မြေကို သိမ်းပိုက်ရယူမှုအပေါ် အမျိုးချစ်သူ၊ မျိုးချစ်စိတ်ရှိသူများ၏ သူ့ကျွန်မခံပြန်လည်တွန်းလှန်တိုက်ထုတ်ခဲ့မှုကြောင့် ရရှိခဲ့သည့် နိုင်ငံ့လွတ်လပ်ရေးကြီးက သက်သေထူလျက်ရှိပေသည်။ လူသူလက်နက် အစစအရာရာသာလွန်သည့် နယ်ချဲ့တို့အား တွန်းလှန်တိုက်ထုတ်ရာတွင် ပြည်ထောင်စုဖွား မျိုးချစ်သူရဲကောင်းများစွာ၏ အသက်သွေးချွေးတို့သည် ရက်၊ လ၊ နှစ်တိုင် တစိမ့်စိမ့်ယိုကျပေးဆပ်ခဲ့ကြရသည်။ လွတ်လပ်ရေးရရှိရန် ဘဝပေးအပ်ရင်းနှီးပေးဆပ်မှုသည် ကြီးမားခဲ့သဖြင့် အဖိုးတန်လွတ်လပ်ရေးကြီးဖြစ်ပါသည်။ တန်ဖိုးရှိ၍ တန်ဖိုးသိရှိကြရန်လိုအပ်သည်။ မိမိတို့၏ ဘိုးဘေးဘီဘင်တို့ မျှော်လင့်တောင့်တ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် လွတ်လပ်ရေးကြီးကို မြတ်နိုးတန်ဖိုးထားကြရမည်ဖြစ်သည်။ တည်ဆဲလွတ်လပ်ရေးတစ်ရပ် မဆုံးရှုံးစေရန်နှင့် ရေရှည်တည်တံ့သည့် လွတ်လပ်ရေးတစ်ရပ်ဖြစ်ရန် ပြည်သူအားလုံးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် နယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတက်ကိုလှွင့် ရွက်ကိုဖွင့်၍ အလေးပေးဖော်ဆောင်နေချိန်ဖြစ်ပေသည်။ ဒီမိုကရေစီနည်းလမ်းတကျ လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုခွင့်ဆိုင်ရာ အခွင့်အရေးများ ရခွင့်၊ ဖော်ထုတ်ခွင့်လည်းရှိပေသည်။ အဆိုပါ အခွင့်အရေးများကို နည်းမှန်လမ်းမှန်အသုံးချရန် လိုအပ်ပြီး အများပြည်သူအကျိုးကိုဖြစ်စေသော လုပ်ဆောင်မှု၊ အများဆန္ဒဖြင့် ဆောင်ရွက်မှုများ ပါဝင်သင့်လှပေသည်။ အတူတကွလိုက်ပါဆောင်ရွက်လျှင် သာတူညီမျှ အကျိုးခံစားခွင့်များလည်း တစ်ပါတည်းရရှိနိုင်စေသောကြောင့်ဖြစ်သည်။ သို့သော် လွတ်လပ်ခြင်းအပေါ်တွင် အမြင်မတူ၊ အသွင်မတူ၊ အယူအဆအမျိုးမျိုး၊ ခံယူချက်အမျိုးမျိုး ဖြစ်ပေါ်လာသည်။ မိမိ၏အယူအဆ၊ ခံယူချက်တိုင်းတွင်လည်း တရားမျှတမှုနှင့် ကိုယ်ချင်းစာနာမှုအငွေ့အသက်များ ပါဝင်ရန် လိုအပ်သည်။

### ငြိမ်းချမ်းမှု

ငြိမ်းချမ်းရေးကို ပြည်သူအားလုံး လိုလားတောင့်တကြသည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းစေချင်သည်။ ငြိမ်းချမ်းမှုနှင့် မငြိမ်းချမ်းမှုဖြစ်စဉ်များသည် ဆီနှင့်ရေပမာ တန်ဖိုးအားဖြင့် ကွာဟသည်။ နိုင်ငံအများစုတွင် အချုပ်အခြာအာဏာသက်ရောက်မှုရှိသည်။ နိုင်ငံအချင်းချင်းဆက်ဆံရာပင်လျှင် အချုပ်အခြာအာဏာပိုင်ဆိုင်မှုသည် ထင်ရှားသောပြယုဂ်ဖြစ်သည်။ စည်းလုံးခြင်းသည်အင်အားဖြစ်ပါသည်။ စည်းလုံးမှုအင်အား၊ ညီညွတ်မှုအင်အားဖြင့် ရရှိခဲ့သောလွတ်လပ်ရေးကို ဝိုင်းဝန်းထိန်းသိမ်း၍ ပိုမိုကောင်းမွန်သောအနာဂတ်ကို ငြိမ်းချမ်းစွာတည်ဆောက်ရမည်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံအဖြစ် သက်သေထူကြရမည်။

တိုင်းရင်းသားအချင်းချင်း ဘေးပယောဂများ၏ သွေးခွဲသပ်လျှိုမှုအမျိုးမျိုးကြောင့် သွေးမကွဲသင့်ပေ။ ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ကိုလည်း မမေ့သင့်ပါပေ။ လွတ်လပ်ရေးနေ့သည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ ယုံကြည်ချက်ခိုင်မာမှုတို့မှဖြစ်တည်လာသော သမိုင်းဝင်နေ့စွဲတစ်ခုဖြစ်ပြီး ကမ္ဘာတည်သရွေ့တည်ရှိရမည့် သင်္ကေတတစ်ခုလည်းဖြစ်သည်။ လွတ်လပ်ရေးကြေညာစာတမ်းတွင် ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာတို့၏ ညီညွတ်သောစည်းလုံးမှုကို ဖော်ကျူးထားရှိသည်။ လွတ်လပ်ရေးကြီး မပျောက်ပျက်အောင် ထိန်းသိမ်းရန်နှင့် ငြိမ်းချမ်းရေးကို လိုလားသူတိုင်း လက်တွဲညီညီ ကာကွယ်စောင့်ရှောက်ရန်တို့ ပါဝင်သည်။ မြန်မာ့လွတ်လပ်ရေး အခွန့်ရှည်တည်တံ့ရေးမှာ တိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်ပြီး ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ နေထိုင်ရေးမှုဖြင့် လွတ်လပ်မှုနှင့်အတူ ငြိမ်းချမ်းရေးခရီးလမ်းများ ဖြောင့်ဖြူးသာယာစေရေး ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတစ်ဝန်းလုံးတွင် ခေတ်မီဖွံ့ဖြိုးမှုများ အကြားအလပ်မရှိ ဖော်ဆောင်နိုင်လိမ့်မည်ဖြစ်ပါကြောင်း ယုံကြည်စွာဖြင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

“နိုင်ငံတစ်နိုင်ငံ၏ ခိုင်မာတောင့်တင်းမှုကိုကြည့်လိုလျှင် စည်းလုံးညီညွတ်မှုပေတံဖြင့်သာ တိုင်းတာသိရှိနိုင်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှုသည် လွန်စွာအရေးကြီးသည်။ ထင်းစည်းပမာပြုထားသည့် စည်းလုံးမှု၏အင်အားကို မျက်ဝါးထင်ထင် သိရှိနိုင်သည်။ ထင်းကို တစ်ချောင်းချင်းချိုးလျှင် ကျိုးနိုင်သကဲ့သို့ စည်းလုံးမှုမရှိလျှင် ပြည်ပ၏ ခြိမ်းခြောက်မှုရန်စွယ်အမျိုးမျိုး၊ ကျူးကျော်မှုပုံစံအမျိုးမျိုးခံရနိုင်ဖွယ်လည်းရှိသည်။ သို့ဖြစ်၍ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အတွေးအမြင်ချင်းဖလှယ်၍ ညှိနှိုင်းအဖြေရှာသည့် နည်းလမ်းဖြင့် နိုင်ငံ့အကျိုး ရှေးရှုဆောင်ရွက်ကြရပါမည်။ ရှုထောင့်အမြင် မှန်ကန်စွာဖြင့် နိုင်ငံ့အကျိုး ရှေးရှုတည်ဆောက်ကြလျှင် ပြည်ထောင်စုကြီး အမြန်ဆုံးအေးချမ်းသာယာလာမည်”

# ညီနောင်တစ်စုတည်ထောင်ပြုတဲ့ ပြည်ထောင်စုဆိုတဲ့အနှစ်သာရကို အခုလို တိုင်းရင်းသားဆွေမျိုးပေါင်းစုံလာတွေ့ဆုံရတဲ့အခါမှာ ပိုပြီးတော့ လက်တွေ့ကျကျခံစားရပါတယ်

**ဦးအောင်သူလတ်**



ဒေါ်နီနီမင်းသိန်း



ဦးအောင်သူလတ်



မနန်းဖြိုးဖြိုးစံ



ဒေါ်ဆာဆု

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ပြည်ထောင်စုနေ့အမှတ်တရ စကားသံများကို ဖော်ပြလိုက်ပါသည်။

**ဒေါ်နီနီမင်းသိန်း**
**(ကြီးကြပ်သူ၊ ကယားပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ကယားပြည်နယ်အဖွဲ့မှာ အဖွဲ့ဝင် ၂၈ ယောက်ပါပါတယ်။ ကျွန်မတို့အဖွဲ့က ပြည်ထောင်စုနေ့မှာ ကယားလူမျိုးတွေရဲ့ ရိုးရာအကအလှတွေနဲ့ ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ အဲဒါကတော့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ကယား၊ ဇယိမ်၊ ကယန်း(ပဒေါင်)၊ ဂေခို(ကဲ့ခို)၊ ဂေဘား၊ ပရဲ(ကယော)၊ မနုမနော၊ ယင်းတလဲနဲ့ ယင်းဘော်စတဲ့ အကတွေနဲ့ သီဆိုဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အခုလို စိန်ရတု ပြည်ထောင်စုနေ့ကို ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လာကြတဲ့ တိုင်းရင်းသားတွေစုံစုံလင်လင်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် အင်မတန် ပျော်ရွှင်မိပါတယ်။ ကလေးတွေအတွက်လည်း အခုလို အခွင့်အရေးမျိုးကို ရရှိတဲ့အတွက်လည်း သူတို့ကိုယ်စား ပိုပြီးတော့ ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဦးအောင်သူလတ်**
**(အကနည်းပြတာဝန်ခံ၊ ကယားပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ပြည်ထောင်စုနေ့ အကအဖွဲ့ကို ရွေးချယ်တဲ့အခါမှာ ကျွန်တော်တို့ ပါဝင်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိတယ်။ ကိုယ့်ရဲ့ ပြည်ထောင်စုအတွက် အခုလို လာရတဲ့အတွက် တိုင်းရင်းသားတစ်ယောက်အနေနဲ့ ဂုဏ်ယူပါတယ်။ ဒီရောက်တော့လည်း လေ့လာရေးခရီးစဉ်တွေ ပို့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ သိရှိလေ့လာခွင့်ရခဲ့ပါတယ်။ ဘုရားတွေလည်း ဖူးခွင့်ရပြီး မနေ့ကဆိုရင် အင်မတန်ထုထည်ကြီးမားတဲ့ မာရဝိဇယ ဆင်းတုတော်ကြီးကိုလည်း သွားရောက်ဖူးခဲ့ရပါတယ်။ ဒီနေ့မှာတော့ တီဗွီမှာပဲ အမြဲတမ်းတွေ့နေရတဲ့ လွှတ်တော်တွေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာရေးရောက်ခဲ့တဲ့အတွက် အိပ်မက်တစ်ခုလိုပါပဲ။ လွှတ်တော်တွေရဲ့ လုပ်ဆောင်ရတဲ့ တာဝန်၊ အခန်းကဏ္ဍတွေကိုလည်း ဒီနေ့ လေ့လာတွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့ အရင်စာထဲမှာရှိခဲ့တဲ့ ညီနောင်တစ်စုတည်ထောင်ပြုတဲ့ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရကို အခုလို တိုင်းရင်းသားဆွေမျိုးပေါင်းစုံ လာတွေ့ဆုံရတဲ့အခါမှာ ပိုပြီးတော့ လက်တွေ့ကျကျခံစားရပါတယ်။ အဲဒီအနှစ်သာရကြောင့် ကိုယ်တိုင်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မမြင်ဖူးတဲ့ ကချင်က တိုင်းရင်းသားတွေနဲ့ တွေ့ရတယ်။ မမြင်ဖူးတဲ့ ကရင်တွေနဲ့လည်းတွေ့ရတယ်။ ပြီးတော့ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုမောင်နှမလို ဆက်ဆံကြတာဆိုတော့ ပိုပြီးတော့ အနှစ်သာရရှိရှိနဲ့ ပျော်စရာကောင်းပါတယ်။

အခု ကျွန်တော်တို့တက်ရောက်လာတဲ့ အချိန်အခါဟာ စိန်ရတုပွဲတော်ကြီးလည်း ဖြစ်ပါတယ်။ စိန်ရတုပွဲတော်ကြီးမှာ ပါဝင်ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကိုယ်စား အင်မတန်ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**မနန်းဖြိုးဖြိုးစံ**
**(ကရင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ကရင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့မှာ အဖွဲ့ဝင် စုစုပေါင်း ၄၀ ပါပါတယ်။ ဖျော်ဖြေရေးအနေနဲ့ ကရင်ရိုးရာ ဒုံးအက "ဖွံ့ဖြိုးဝေဆီ ဒို့ဌာနေ" ဒုံးအကနဲ့ ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ ကျွန်မတို့ ဒုံးအဖွဲ့ကလူတွေဆိုရင် ရွာကလူတွေလည်း ပါကြပါတယ်။ ကိုယ်မရောက်ဖူးတဲ့နေရာတွေကိုလည်း လေ့လာရေးခရီးလိုက်ပို့ပေးတဲ့အတွက် အသိပညာဗဟုသုတ တော်တော်များများ ရရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဒီလိုဗဟုသုတရအောင် ပို့ဆောင်ပေးတဲ့အတွက် တာဝန်ရှိပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒီလိုမျိုးတိုင်းရင်းသားတွေ စုံစုံညီညီတွေ့ရဖို့ဆိုတာကလည်း မလွယ်ပါဘူး။ တစ်နေရာနဲ့တစ်နေရာသွားဖို့ဆိုတာလည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် သွားရောက်ဖို့အဆင်မပြေပါဘူး။ (၇၅) နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် အထူးဂုဏ်ယူမိသလို မောင်နှမသားချင်း တိုင်းရင်းသားအားလုံးနဲ့ ဆုံတွေ့ခွင့်ကို နောင်နှစ်တွေလည်း ကြုံချင်ပါတယ်။

**ဒေါ်ဆာဆု**
**(အုပ်ချုပ်သူ၊ ချင်းပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ချင်းပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့အနေနဲ့ စုစုပေါင်း ၃၇ ယောက် ပါပါတယ်။ ကျွန်မတို့ ခူမီးလူမျိုးတွေရဲ့ ရိုးရာအကနဲ့ "ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းပါစေ" သီချင်းနဲ့ ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ ဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ရတဲ့အတွက်ကြောင့် ကိုယ့်ညီအစ်ကိုမောင်နှမတွေပြန်ဆုံတွေ့ရသလို ကြုံတောင့်ကြုံခဲ စိန်ရတုမှာမို့ တကယ်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးမိပါတယ်။

**ဦးခေါင်ဂျုံး**
**(ကချင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့ ကချင်တိုင်းရင်းသား မျိုးနွယ်စု ခြောက်စုပါပါတယ်။ အဲဒီမျိုးနွယ်စု ခြောက်စုအကနဲ့ ကပြဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်ကို ပထမဆုံးအကြိမ် လာရောက်ခွင့်ရတဲ့အတွက်လည်း ကံကောင်းတယ်လို့ ခံယူပါတယ်။ နေပြည်တော်ရောက်နေစဉ်မှာလည်း ဒီမှာရှိတဲ့ အထင်ကရနေရာတွေကို သွားရောက်လေ့လာခွင့်ရတဲ့အတွက် အသိပညာဗဟုသုတတွေ တော်တော်များ ရရှိပါတယ်။ အခု ဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ ဆုံဆည်းခွင့်ရတယ်။ ယဉ်ကျေးမှုတွေ ဖလှယ်ခွင့်ရတယ်၊ အချင်းချင်းနှုတ်ဆက်ခွင့်နဲ့ သူတို့ စကားသံလေးတွေကိုလည်း ကြားရတဲ့အတွက် ဘာနဲ့မှမလဲနိုင်တဲ့ အတွေ့အကြုံသစ်တွေ ဖြစ်ပါတယ်။

သန်းမင်းအောင်(သတင်းစဉ်)

**ညီညွတ်ခြင်းသည်အင်အား တိုင်းရင်းသားများလက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား**

## ဤပြည်ထောင်စု

❖ ဤပြည်ထောင်စု၊ ဖြစ်တည်မှုကို
စေ့ငုဆက်စပ်၊ ပြန်သုံးသပ်မူ
မှတ်တမ်းစာစီ၊ မရှိမီတည့်
အတီအတော၊ ရှေးပဝေက
ရေမြေမခြား၊ မျိုးမခြားမို့
စကားသာကွဲ၊ သွေးမကွဲပေ
ခိုင်မြဲနှောင်တင်း၊ စည်းလုံးခြင်းတို့
ချစ်ခြင်းနှောင်ဖွဲ့၊ ဖြစ်တည်ခဲ့သော်
အိုဘယ့်-မြန်မာ မည်သတည်း...။

❖ ဤပြည်ထောင်စု၊ ခိုင်မြဲမှုကို
စေ့ငုသေချာ၊ ပြန်ကြည့်ပါမူ
မြန်မာနွယ်ဝင်၊ ချင်း ကချင်နှင့်
ကရင် ကယား၊ ရခိုင်သားတို့
မခြားတူသည်၊ မွန် ရှမ်းညီနှင့်
ချစ်ကြည်မပျက်၊ သွေးစည်းဆက်ကာ
အခက်ကြုံတိုင်း၊ တုံ့မဆိုင်းဘဲ
ဝိုင်းခဲ့ဝန်းခဲ့၊ မြဲခိုင်ခဲ့သော်
အိုဘယ့်-မြန်မာ မည်သတည်း...။

❖ ဤပြည်ထောင်စု၊ ရှေ့ဆီရှုလျှင်
ယခုကာလ၊ သမယကား
မြန်မာ့တစ်ခေတ်၊ ရောင်ခြည်လှစ်ဖို့
အသစ်များစွာ၊ ကောင်းခြင်းဖြာအောင်
မြန်မာမြေဖွား၊ နောင်ညီများတို့
လုပ်အားစွမ်းစ၊ ကုန်အောင်ပြလော့
ဉာဏ်အားမြင့်စွ၊ ကုန်အောင်ပြလော့
သူကတစ်လှမ်း၊ ကိုယ်ငါးလှမ်းထိ
ရှက်ထမ်းညီညီ၊ မြှင့်ကြမည်တည့်
ဤပြည်ထောင်စု၊ ခမ်းနားမှုကို
ရှုနိုင်မြင်နိုင်ကြပါစေသတည်း....။

မောင်စိမ်းနောင်(လယ်ဝေး)

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

## (၃၅) ကြိမ်မြောက် အာဖရိကသမဂ္ဂထိပ်သီးအစည်းအဝေးကျင်းပပြီးစီး

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၇**

အာဖရိကဒေသအတွင်းရှိပြည်သူများ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေးနှင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ကျင်းပသော (၃၅)ကြိမ်မြောက် အာဖရိကသမဂ္ဂထိပ်သီးအစည်းအဝေးသည် ယမန်နေ့က ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲအတွင်း အာဖရိကဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးရွေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ အာဖရိကဒေသအတွင်း စည်းလုံးညီညွတ်မှုဖော်ဆောင်ရန်၊ ကိုဗစ်-၁၉ရောဂါကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများကို တိုက်ဖျက်ရန်နှင့် ဒေသအတွင်း ကြီးထွားလာသော အကြမ်းဖက်မှုပြဿနာကို အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအချင်းချင်း လက်တွဲဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးပွဲတက်ရောက်လာသည့်နိုင်ငံများက တောင်းဆိုခဲ့ကြသည်။

အာဖရိကဒေသအတွင်း တည်ငြိမ်အေးချမ်းမှုများမရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ဆီနီဂေါသမ္မတ မက်ကီဆောက ပြောကြားသည်။ ဒေသအတွင်း ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုများနှင့် ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှုကို တိုက်ဖျက်ရန် ဒေသအတွင်းနိုင်ငံများအကြား ကြိုးပမ်းဆောင်ရွက်မှုများကို အားထုတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဖီလစ်တီရှီဆီကီဒီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**






## ဗီယက်နမ်နိုင်ငံက တစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ဟန္နိုင်း ဖေဖော်ဝါရီ ၇**

ဗီယက်နမ်နိုင်ငံသည် အသက်ငါးနှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုစတင်ရန် ကြေညာခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ စာသင်ကျောင်းများအား တစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် ဗီယက်နမ်ကျောင်းသား ၁၇ သန်းကျော် ကျောင်းတက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်အများအပြားကို ၂၀၂၁ ခုနှစ်အောက်တိုဘာလ အတွင်းက ဖြေလျှော့ပေးခဲ့သော်လည်း ကျောင်းသား အားလုံးနီးပါးကိုမူ အွန်လိုင်း သင်တန်းများဖြင့်သာ သင်ကြားစေခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံရှိ စာသင်ကျောင်းအများစုကို ဖေဖော်ဝါရီလလယ်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်းလည်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ထို့ပြင် ဗီယက်နမ်အစိုးရကလည်း အသက်ငါးနှစ်နှင့် ၁၂ နှစ်အကြား ကလေးငယ်များအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁ ဒသမ ၉ သန်း ဝယ်ယူရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံ့လူဦးရေ ၉၈ သန်းအနက် ၇၅ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် မတ်လကုန်ပိုင်းမှ စတင်ကာ အရွယ်ရောက်ပြီးသူအားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**



## အင်ဒိုနီးရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် ဂျကာတာလေဆိပ်၌ နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှု ယာယီပိတ်ပင်တားမြစ်

**ဂျကာတာ ဖေဖော်ဝါရီ ၇**

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းမျိုးရပ်စ် ကူးစက်ပျံ့နှံ့မှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများလည်း မြင့်တက်လျက်ရှိခြင်းကြောင့် ဂျကာတာလေဆိပ်၌ နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုကို ယာယီပိတ်ပင်တားမြစ်ခဲ့ကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၆ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၀၀၀ ကျော်အထိ သိသိသာသာမြင့်တက်လာခဲ့ခြင်းကြောင့် မြို့တော်ဂျကာတာရှိ ဆေးရုံများ၌ ဆေးရုံတက်ရောက် ကုသမှုခံယူရသည့် ကိုဗစ်-၁၉ ရောဂါ လူနာအရေအတွက်သည်လည်း ၆၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဘာလီကျွန်းသို့ နိုင်ငံတကာ ခရီးသည်လေယာဉ်များ လာရောက်ခွင့်ပြုခဲ့ပြီးနောက် ရက်ပိုင်းအတွင်းမှာပင် အင်ဒိုနီးရှားနိုင်ငံက ဂျကာတာလေဆိပ်၌ နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုကို ယာယီပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျကာတာလေဆိပ်၌ နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုကို ယာယီပိတ်ပင်တားမြစ်မှုသည် နိုင်ငံတကာခရီးသွားများနှင့် အားလပ်ရက်များအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားများလည်း အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်**

## ရုရှားနိုင်ငံ၌ တစ်လနီးပါးကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အနည်းဆုံးသို့ ကျဆင်း

**မော်စကို ဖေဖော်ဝါရီ ၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၁၉၀၅ ဦးရှိပြီး ယင်းကူးစက်ခံရသူအရေအတွက်သည် ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ တစ်လနီးပါးကာလအတွင်း နေ့စဉ်ကူးစက်မှုအနည်းဆုံးသို့ ကျဆင်းခဲ့ကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၂၉၈၂၀၂၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၀၉ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၃၆၀၂၃ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၅၆၈၃ ဦး ရှိခြင်းကြောင့် ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၁၀၆၂၄၉၅၄ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၄၂ ဦးထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ရောဂါကူးစက်ခံရသူပေါင်း ၂၅၁၁၃၃၃ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## တောင်ကိုရီးယား၌ ကိုဗစ်-၁၉ လူနာပြုစုစောင့်ရှောက်ရေးစနစ်နှစ်မျိုး ကျင့်သုံးမည်

**ဆိုးလ် ဖေဖော်ဝါရီ ၇**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ လူနာများအား မိမိနေအိမ်တွင် ကုသမှုခံယူသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို လက်ရှိအချိန်၌ ကျင့်သုံးလျက်ရှိရာ ယင်းစနစ်ဖြင့် ကုသမှုခံယူမည့် လူနာများကို အုပ်စုနှစ်စုခွဲ၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ယနေ့ပြောကြားသည်။

ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ နိုင်ငံအတွင်း ဆေးဝါးဆိုင်ရာအရင်းအမြစ်များကို ထိထိရောက်ရောက်နှင့် ကန့်သတ်၍ သုံးစွဲသွားနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါကျန်းမာရေးစောင့်ရှောက်မှုစနစ်အရ ပထမအုပ်စုတွင် မိမိတို့နေအိမ်၌နေထိုင်၍ ကုသမှုခံယူမည့် အသက် ၆၀ နှင့်အထက်ရှိ ကိုဗစ်-၁၉ ရောဂါလူနာများနှင့် ရောဂါခုခံနိုင်စွမ်းနည်းပါးသောသူများပါဝင်ပြီး ၎င်းတို့အား အဖျားကျဆေးအပါအဝင် လိုအပ်သော ဆေးပစ္စည်းကိရိယာများဖြင့် တစ်နေ့လျှင် နှစ်ကြိမ် စောင့်ကြည့်ကုသပေးမည်ဖြစ်ပြီး မိမိတို့နေအိမ်၌ နေထိုင်၍ ကုသမှုခံယူမည့် ဒုတိယအုပ်စုရှိ ကိုဗစ်-၁၉ရောဂါလူနာများကိုမူ စောင့်ကြည့်ကုသခြင်း မပြုဘဲ ၎င်းလူနာများ ကုသရန် လိုအပ်သည့် အချိန်တွင် သက်ဆိုင်ရာနယ်မြေအတွင်းရှိဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ကုသရေးဆိုင်ရာ အကူအညီများ သွားရောက်တောင်းခံနိုင်ကြောင်း သိရသည်။

ပထမအုပ်စုတွင်ပါဝင်သော နိုင်ငံအတွင်းရှိ အသက် ၆၀ နှင့် အထက်ရှိ ကိုဗစ်-၁၉ လူနာများနှင့် ရောဂါခုခံနိုင်စွမ်းနည်းပါးသောသူများ ပါဝင်သော အုပ်စုအား ကျန်းမာရေးစောင့်ရှောက်မှု လျင်မြန်ထိရောက်စွာ ပေးအပ်သွားရန် တာဝန်ရှိသူများအား သမ္မတမွန်ဂျေအင်းက ညွှန်ကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်တို့ အီရန်နျူကလီးယားအရေး ဆွေးနွေး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၇**

အီရန်နျူကလီးယားအရေးနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်တို့ တယ်လီဖုန်းမှတစ်ဆင့် ယမန်နေ့က အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။


**ဆွေးနွေး**

၎င်းဆွေးနွေးမှုများအတွင်း ဒေသတွင်း အရေးကိစ္စများဖြစ်သည့် အီရန်၏ နျူကလီးယားတိုးမြှင့်ထုတ်လုပ်မည့်အစီအစဉ်အား ကန့်သတ်ရေးနှင့် အီရန်၏ ရန်လိုမှုကြီးထွားလာခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ထို့ပြင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ခေါင်းဆောင် အဗူအီဘရာဟင် အယ်လ်ဟာရှီမီအား အမေရိကန်တပ်ဖွဲ့ဝင်များက သုတ်သင်နိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုကြောင်းနှင့် ၎င်းအား သုတ်သင်ခဲ့ခြင်းကြောင့် ကမ္ဘာကြီးကို လုံခြုံစေခဲ့ကြောင်း ဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်က ပြောကြားသည်။

**စောင့်ကြည့်သွားမည်**

ယခုဆွေးနွေးမှုသည် ၂၀၁၅ နျူကလီးယားသဘောတူညီချက်အား ပြန်လည်အသက်သွင်းရေးအတွက် ဗီယင်နာမြို့၌ ကမ္ဘာ့နိုင်ငံများနှင့် အီရန်တို့အကြား ဆွေးနွေးပွဲများ ကျင်းပနေစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အီရန်သည် ၎င်း၏ နျူကလီးယားထုတ်လုပ်ရေးအစီအစဉ်မှာ ငြိမ်းချမ်းရေးကို ရှေးရှုသည့်လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သည်ဟု အကြောင်းပြချက်ပေးထားသော်လည်း မိမိတို့သည် နျူကလီယားဆွေးနွေးမှုများကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း နက်ဖ်တာလီဘန်နက်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**


အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်


အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်



# ဩစတြေးလျနိုင်ငံက ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသည့် ပြည်ပခရီးသွားများအတွက် နယ်စပ်ဒေသများအား ပြန်လည်ဖွင့်လှစ်ပေးမည်

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၇**

ဩစတြေးလျနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသည့် ကမ္ဘာတစ်ဝန်းမှ ပြည်ပခရီးသွားများအတွက် နယ်စပ်ဒေသများကို ပြန်လည်ဖွင့်လှစ်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဩစတြေးလျနိုင်ငံသည် နယ်စပ်ဒေသများကို နှစ်နှစ်နီးပါးအကြာ ပိတ်ထားခဲ့ပြီးနောက် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် စကော့မော့ရစ်ဆင်က ဖေဖော်ဝါရီ ၇ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံရှိ ပြည်နယ်အားလုံးသည်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသည့် ခရီးသွားများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထားစောင့်ကြည့်မှုခံယူရမည့် လိုအပ်ချက်များကို ပယ်ဖျက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံအစိုးရ၏ နောက်ဆုံး ဆုံးဖြတ်ချက်အရ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများကို အပြည့်အဝပြန်လည်ဖွင့်လှစ်ရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။ ဩစတြေးလျနိုင်ငံသည် ဒီဇင်ဘာလအတွင်းက ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကာကွယ်ဆေးထိုးနှံပြီးစီးသည့် ခရီးသွားများအတွက် နယ်စပ်ဒေသဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၉၆၅၉၅၈၆၂ | ဦး |
| သေဆုံးသူ | ၅၇၆၀၆၃၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၁၅၃၃၆၂၅၉ | ဦး |

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုကို တစ်ရက်လျှင် တစ်သန်းအထိ ထိုးနှံပေးနိုင်ရန် ဂျပန်ဝန်ကြီးချုပ် ဆန္ဒရှိနေ

**တိုကျို ဖေဖော်ဝါရီ ၇**

ဂျပန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုကို တစ်ရက်လျှင် လူဦးရေ တစ်သန်းအထိ ထိုးနှံပေးနိုင်ရန် ဆန္ဒရှိနေကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါက ပြောကြားခဲ့သည်။

**အဓိကအခန်းကဏ္ဍကပါဝင်**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် ထိုးနှံမှုသည် အဆိုပါ ရောဂါအား တိုက်ဖျက်ရာတွင် အဓိကအခန်းကဏ္ဍက ပါဝင်လိမ့်မည်ဖြစ်ကြောင်း ကြေညာခဲ့သော်လည်း လက်ရှိတွင် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံမှုခံယူထားသူဦးရေသည် နိုင်ငံလူဦးရေ စုစုပေါင်း၏ ခြောက်ရာခိုင်နှုန်းထက်ပင် လျော့နည်းနေကြောင်း သိရသည်။

ထို့ကြောင့် ဂျပန်နိုင်ငံ၌ ယခုလနောက်ပိုင်းမှစတင်ကာ တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုကို လူဦးရေ တစ်သန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။ ထို့ပြင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ကာကွယ်ဆေးထိုးနှံချင်သူတိုင်းအား တတ်နိုင်သမျှ မြန်မြန်ထိုးနှံပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**တိုက်တွန်း**

ဂျပန်နိုင်ငံ၌ ယနေ့အစောပိုင်းတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်အများအပြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်းထိုးနှံမှု ခံယူခဲ့ကြောင်းလည်း သိရသည်။ ကိုဗစ်-၁၉ ရောဂါသည် ဂျပန်နိုင်ငံရှိ စာသင်ကျောင်းများနှင့် နေ့ကလေးထိန်းကျောင်းများရှိ ဆရာ ဆရာမများနှင့် မူကြိုကျောင်းဝန်ထမ်းများအကြားတွင် ကူးစက်ပျံ့နှံ့လျက်ရှိခြင်းကြောင့် ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်လုပ်ဆောင်ရန်လည်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၀၀၀ ကျော်နှင့် အဆိုပါ ရောဂါဖြင့် သေဆုံးသူ ၁၁၃ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**



# မာဒါဂါစကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အနည်းဆုံး ၁၀ ဦး သေဆုံး

**အန်တာနာနာရီဗို ဖေဖော်ဝါရီ ၇**

အရှေ့အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် မာဒါဂါစကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းတစ်ခု တိုက်ခတ်မှုကြောင့် အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ကြောင်းနှင့် လူပေါင်း ၅၀၀၀၀ နီးပါး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

**ကုန်းတွင်းပိုင်းဒေသသို့ဝင်ရောက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် သီတင်းနှစ်ပတ်တာ ကာလအတွင်း မာဒါဂါစကာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် နှစ်ကြိမ်မြောက် ဆိုင်ကလုန်းမုန်တိုင်းဖြစ်ကြောင်းလည်း သိရသည်။ အိန္ဒိယသမုဒ္ဒရာအတွင်း၌ စတင်ခဲ့သည့် အဆိုပါ ဘတ်ဆီရိုင်ဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၅ ရက်တွင် မာဒါဂါစကာနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းရှိ ကုန်းတွင်းပိုင်းဒေသသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားခဲ့ကာ မြစ်များ၊ ချောင်းများ ရေလျှံမှုဖြစ်ပွားခဲ့ကြောင်းနှင့် နေအိမ်ခေါင်မိုးများ ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဆိုင်ကလုန်းမုန်တိုင်းသည် ယခုအခါတွင် အားပျော့ပျက်ပြယ်သွားပြီဖြစ်သော်လည်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်များက ပြောကြားသည်။

**၉၅ ရာခိုင်နှုန်းအထိ ပျက်စီးမှုရှိ**

မာဒါဂါစကာနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ နိုဆီဗာရီကာတွင် အဆောက်အအုံစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းအထိ ပျက်စီးမှုရှိခဲ့ကြောင်းနှင့် လူပေါင်း ၄၇၈၀၀ သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ရကြောင်း ဒေသဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

❖

# မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကြံခင်းကွက်သစ်နေ မကြူကြူခိုင်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မ---၊ ၃၀ နှစ်နှင့် မ---၊ ၁၈ နှစ်တို့ကို ၎င်း၏ညီမဖြစ်သူသည် တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားနှင့် လက်ထပ်ခဲ့ပြီး အဆင်ပြေနေကြောင်း၊ တရုတ်ယောကျ်ားနှင့် လက်ထပ်ပါက ငွေကျပ် ၃၅ သိန်း ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားများထံ ပို့ဆောင်ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်း(ပ) ၉၁၉/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး အရှေ့ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၃ ရက်တွင် တရားခံမကြူကြူခိုင်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန် သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



အောင်အောင်(ခ)ရွှေတော၊ အေးမင်းအောင်(ခ) ဆန္ဒ၊ ကျော်မင်း(ခ) မင်းမင်းနှင့် မိုးမိုးအောင်တို့ကို သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကုတ်-ပြင်ဦးလွင် သွားကားလမ်း ညောင်ကုန်းစစ်ဆေးရေးစခန်းတွင် မိုးကုတ်မှ ပြင်ဦးလွင်သို့ အောင်အောင် (ခ)ရွှေတော(၃၁)နှစ် မောင်းနှင်ပြီး အေးမင်းအောင်(ခ) ဆန္ဒ(၃၄)နှစ်နှင့် ကျော်မင်း(ခ) မင်းမင်း(၃၂)နှစ်တို့ လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန် သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ည ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မိုးမိုးအောင် (၃၁)နှစ်အား မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ် မြန်မာ-ထိုင်း နယ်စပ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့လေးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) ပူးပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင် မော်တော်ယာဉ် တစ်စီးပေါ်မှ I Pad pro အလုံး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်း သယ်ဆောင်လာသည့် ခရီးသည်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၃၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုခရိုင်အတွင်း တရားမဝင် ကျွန်းတံခါးရွက်၊ ကျွန်းခွဲသားများ ဆိုဒ်စုံ ၃ ဒသမ ၆၅၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၇၀၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်း စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးနှင့် တောင်ငူခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၃ ဒသမ ၇၉၄၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ်၃၃၂၃၃၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အမှုတွဲလေးမှု**

သို့ပါ၍ ဖေဖော်ဝါရီ ၇ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၇၄၂၀၃၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**





သိမ်းဆည်းရမိသည့် တရားမဝင် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် သစ်များကို တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၂-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

[illegible]

MRTV National News

[illegible]

MRTV Online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**mitv**

07:02 Union Blood (Pann Nu Yin, Pann Su Thwin)
07:07 Products of Myanmar - Kachin Traditional Knife
07:18 Journey To The Mogok (Part-2)
07:44 Making a Living as Horticulturist
08:01 Mahavihara: From Forest Monastery to Dhamma-Vinaya University (Part-1)
08:35 Yay Pyan Taung Waterfall
09:01 News
09:27 Global Partnership for Brighter Future: Latvia Pavilion at Expo 2020 Dubai
09:34 Dances of Myanmar: Tai Khun or Gon Traditional Dance
09:38 Family of Toys
10:01 Designer Ya Tu

**MRTV NRC**

[illegible]

**MRTV Parliament**

[illegible]

**MRTV Sports**

Sports News
Soccer View/ Weekly Sports Info

[illegible]

MRTV Farmers' Channel
Education Channel

[illegible]

## ဒွါဒသမ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တအဘိဇာတာဘိဝံသ မဟာထေရ်မြတ် ပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် သဒ္ဓမ္မဇောတက သုဗောဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဒွါဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တအဘိဇာတာဘိဝံသ မဟာထေရ်မြတ် သက်တော် (၅၄)နှစ်၊ သိက္ခာတော်(၃၄)ဝါသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဘာမိုဂရတ်(စ်)ဆေးရုံ၌ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် (၇-၂-၂၀၂၂)တနင်္လာနေ့ ထိုင်းစံတော်ချိန် (၁၈:၁၉)နာရီ၊ မြန်မာစံတော်ချိန် (၁၇:၄၉)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပင့်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ သွန်းသံစဉ်နှင့် မေနွယ်လေးတို့သည် ၎င်းတို့အသုံးပြုသည့် "သွန်းသံစဉ်" Facebook အကောင့်နှင့် "မေနွယ်လေး" Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဝဏ္ဏထွန်းနှင့် စိုးမမသူတို့သည် ၎င်းတို့အသုံးပြုသည့် "ဝဏ္ဏထွန်း" Facebook အကောင့်နှင့် "Soe Ma Ma Thu" Facebook အကောင့်၊ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် ပုံမှန်ဖွင့်လှစ်ခြင်းမရှိဘဲ အသံတိတ်သပိတ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် "မိဘမေတ္တာ" ဆေးဆိုင်ပိုင်ရှင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၁)ရပ်ကွက်နေ ဦးစန်းအောင်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတမြို့နယ်၌ ကျန်ရစ်သူအကျိုးခံစားခွင့် ထောက်ပံ့ပေးအပ်

**ဟသ်ာတ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော မြို့နယ်စည်ပင်သာယာရေးဌာနမှ အာမခံအလုပ်သမား ဦးသက်စိုးထွန်း၏ လုပ်ငန်းခွင်အတွင်းထိခိုက်သေဆုံးခြင်းကြောင့် လူမှုဖူလုံရေးအဖွဲ့မှ ကျန်ရစ်သူမိသားစုအတွက် အကျိုးခံစားခွင့်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ဟသ်ာတမြို့နယ် စည်ပင်သာယာရေးရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ တိုင်းတာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးသွားသော ဦးသက်စိုးထွန်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၇၂၀၀၀၀၀ အား တိုင်းတာဝန်ခံအရာရှိက သေဆုံးသူ၏ ဇနီးဖြစ်သူထံ ပေးအပ်ခဲ့သည်။ နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် စုစုပေါင်း ငွေကျပ် ၇၉၂၀၀၀၀ ဖြစ်ကြောင်း သိရသည်။




ဟသ်ာတမြို့နယ်တွင် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာန ၂၂၆ ဌာနရှိကြောင်းနှင့် အာမခံအလုပ်သမား ၁၇၇၈ ဦးရှိကြောင်း ဟသ်ာတမြို့နယ်လူမှုဖူလုံရေးရုံး ရုံးခွဲတာဝန်ခံထံမှ သိရသည်။

**ကိုဇော်(ဟသ်ာတ)**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သင်တန်းနှင့် ပြိုင်ပွဲကျင်းပ




**ရွှေဘို ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးရုံး ရှင်ယွန်းစံခန်းမ၌ ယနေ့နံနက် ၁၁ နာရီက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခမ်းအနားမှူးသင်တန်းနှင့် ပြိုင်ပွဲကျင်းပခဲ့သည်။

အဆိုပါ သင်တန်းနှင့်ပြိုင်ပွဲကို ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းနှင့် အခမ်းအနားမှူး အတွေ့အကြုံရှိသည့် ဝန်ထမ်းတို့က လေ့ကျင့်ပညာပေးခဲ့ကြပြီး အခမ်းအနားမှူးပြိုင်ပွဲကို နည်းပညာပြန့်ပွားရေးစင်တာ(KC) တစ်ခုလျှင် ဝန်ထမ်းတစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**နန်းထွန်းမေ**

## ဒွါဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် သဒ္ဓမ္မဇောတက သုဗောဓာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာတွင် ခမည်းတော် ဦးတင်ရ၊ မယ်တော် ဒေါ်ညွန့်ခင်တို့မှ ၁၃၃၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၄၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်နေ့တွင် ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ဇမ္ဗူမင်္ဂလာ ရွှေရပ်သာကျောင်းဆရာတော်ဘဒ္ဒန္တစိန္တိတဥာဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၄၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝက်လက်မြို့ သီရိရပ် ဓမ္မာရုံကျောင်း သာသနဝိလာသိနီသိမ်တော်၌ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနာရဒကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့ ကြံခိုင်ရပ် ဦးသန်းထွန်း၊ ဒေါ်ဟန်ညွန့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ဇမ္ဗူမင်္ဂလာ ရွှေရပ်သာကျောင်းဆရာတော်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်ဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ မတ္တရာမြို့ သာသနဇောတိကာရုံကျောင်းဆရာတော်၊ နောင်ချိုမြို့ ကတီပင်ကျောင်း ဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဆရာတော် စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

### အမြင့်ဆုံးအောင်မြင်ခဲ့သည့်စာမေးပွဲများ

ဆရာတော်သည် သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ ပါစိတျာဒိဝိနယပါဠိပါရဂူဘွဲ့၊ မဟာဝဂ္ဂါဒိပါဠိပါရဂူဘွဲ့၊ ဝိဘင်္ဂါဒိပါဠိပါရဂူဘွဲ့၊ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တို့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၊ မုံရွာမြို့ သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သဒ္ဓမ္မမာနိတာရုံကျောင်းတိုက်တို့၌ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ မြန်မာနိုင်ငံအနှံ့အပြားသို့ တရားဓမ္မများ လှည့်လည်ဟောကြားခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပေးအပ်သော သာသနာ့တာဝန်များကို ယနေ့အထိ ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ တိပိဋကဓရတိပိဋကကောဝိဒဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဒ္ဓိပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၁၆ ခုနှစ်တွင် **"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက"**ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၅၄)နှစ်၊ သိက္ခာတော်(၃၄)ဝါအရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဘာမိုဂရတ်(စ်)ဆေးရုံ၌ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် (၇-၂-၂၀၂၂)တနင်္လာနေ့ ထိုင်းစံတော်ချိန်(၁၈:၁၉)နာရီ၊ မြန်မာစံတော်ချိန်(၁၇:၄၉)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပင့်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

❒ ကျောဖုံးမှ

ဖမ်းဆီးရမိတရားခံ ကျော်သက်၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၃၁ ရက်တွင် ဝမ်းတွင်းမြို့နယ် အင်းယင်းကျေးရွာအနီးရှိ ဖမ်းဆီးရန် ကျန်တရားခံ **ထွန်းနိုင်** ပိုင်ဆိုင်သည့် လယ်ကွင်းအတွင်းမှ လက်လုပ်ဗုံး သုံးလုံးကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ နှင်းမောင်၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၂ ရက်တွင် ဝမ်းတွင်းမြို့နယ် အမှတ်(၁)ရပ်ကွက်၌ **ငြိမ်းချမ်းဝင်း**ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ကျော်သက်၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၃ ရက်တွင် ဝမ်းတွင်းမြို့နယ် တမာကုန်းကျေးရွာနေ **ရဲရင့်သူ**နှင့် **လှိုင်စန်းဦး**တို့ နှစ်ဦးကို လက်လုပ်ဗုံး တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ နှစ်ဦး၏ ထွက်ဆိုချက်အရ တစ်ရွာတည်းနေ **မျိုးဝင်းသန့်**ကို လက်လုပ်ဗုံး နှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ရှစ်ဦးကို လက်နက်ငယ်မျိုးစုံ သုံးလက်၊ ကျည်မျိုးစုံ ၉၆ တောင့်၊ လက်လုပ်ဗုံး ခြောက်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **နှင်းမောင်**သည် ကျင်းရွာနေ ဖမ်းဆီးရန်ကျန် တရားခံ **နန်းခိုင်**၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ကျင်းရွာနှင့် နေပူကုန်းကျေးရွာကြားရှိ သဲချောင်းတွင်လည်းကောင်း၊ **ကျော်သက်**သည် **နှင်းမောင်**၏ ချိတ်ဆက်ပေးမှုဖြင့် ဩဂုတ်လတွင် ဝမ်းတွင်းမြို့နယ် ဟစ်တော်မူစေတီအနီး၌ လည်းကောင်း အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ **ရဲရင့်သူ**နှင့် **လှိုင်စန်းဦး**တို့ နှစ်ဦးသည် **မျိုးဝင်းသန့်**၏ ချိတ်ဆက်မှုဖြင့် အောက်တိုဘာလ(တတိယပတ်)တွင် တမာကုန်းကျေးရွာ အနောက်ဘက် တောစပ်အနီးတွင် **ထွန်းနိုင်**နှင့် **နှင်းမောင်**တို့ နှစ်ဦးက အကြမ်းဖက်သင်တန်းကို သင်ကြားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ WTRF အကြမ်းဖက် အဖွဲ့ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ဖမ်းဆီးရန်ကျန် ဝမ်းတွင်းမြို့(၁)ရပ်ကွက်နေ ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်**က ဖွဲ့စည်းခဲ့ပြီး တရားခံ **ငြိမ်းချမ်းဝင်း**သည် ဆေးကုသရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ WTRF အကြမ်းဖက်အဖွဲ့အတွက် လိုအပ်သော လက်လုပ်မိုင်း/ ဗုံးများအား ဟစ်တော်မူစေတီအနီး၌ ကျင်းရွာနေ ဖမ်းဆီးရန်ကျန် တရားခံ **သန့်ဇင်ဖြိုး**နှင့် **ရန်အောင်**တို့က ပြုလုပ်၍ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများတွင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ **နှင်းမောင်**၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများအား ဖမ်းဆီးရန်ကျန်တရားခံ **နန်းခိုင်**၏ ချိတ်ဆက်ပေးမှုဖြင့် အောက်တိုဘာလတွင် မြင်းခြံမြို့နေ ဖမ်းဆီးရန် ကျန်တရားခံ **ဗလကြီး**ထံမှ ပစ္စတို နှစ်လက်နှင့် ၎င်းကျည် အတောင့် ၅၀ ကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်**ထံမှ ငါးလုံးပြူးသေနတ် တစ်လက်၊ ကျည် ၂၆ တောင့်တို့ကို ရရှိခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအနေဖြင့်–

- ၂၀၂၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်**၏ စေခိုင်းမှုဖြင့် **နှင်းမောင်**၊ **ကျော်သက်**နှင့် သဲတောလေးကျေးရွာနေ **လွင်အောင်ဆင့်**တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ် ဖလန်ကျင်းကျေးရွာအနီးရှိ Mytel တာဝါတိုင်နှင့် သဲတောလေးကျေးရွာအနီးရှိ Mytel တာဝါတိုင်ကို လည်းကောင်း။
- အောက်တိုဘာ ၁၃ ရက်တွင် သုံးဒေါင့်အိုင်ကျေးရွာအနီးရှိ Mytel တာဝါတိုင်ကို လည်းကောင်း လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

# ဝမ်းတွင်းမြို့နယ်အတွင်း ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခဲ့သော တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု




ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့မှုအနေဖြင့်–

- အောက်တိုဘာလ ၁၅ ရက်တွင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်**၏ စေခိုင်းမှုဖြင့် **ကျော်သက်**နှင့် **နှင်းမောင်**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ် သဲစုကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကိုလည်းကောင်း။
- အောက်တိုဘာ ၂၆ ရက်တွင် ခင်ကြီးကျေးရွာနေ WTRF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **နောင်နောင်ဦး**သည် ဝမ်းတွင်းမြို့နယ် ခင်ကြီးကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကိုလည်းကောင်း။
- အောက်တိုဘာ ၂၇ ရက်တွင် သဲစုကျေးရွာနေ WTRF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ကျော်သူစိုး**နှင့် **ရန်အောင်**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ် သဃ်န်းဆွဲအုပ်စု နဘဲကန်ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။
- နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းရွာနေ WTRF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဆန်းလင်းဖြိုး**နှင့် **နန်းခိုင်**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ် သုံးထောင့်အိုင်ကျေးရွာအုပ်စု ကျင်းရွာကျေးရွာနေ ကျောင်းဆရာမ တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- နိုဝင်ဘာ ၁၁ ရက်တွင် **ညီညီ**သည် ဖမ်းဆီးရန်ကျန် တရားခံ **နန်းခိုင်**၊ **လွင်အောင်ဆင့်**၊ **ဆန်းလင်းဖြိုး**တို့နှင့်အတူ သဲတောလေးကျေးရွာ မင်္ဂလာမှန်ကျောင်းတိုက်မှ ဆွမ်းဘုန်းပေးနေသည့် ဆရာတော် ဦးသောဘဏကို လည်းကောင်း။
- နိုဝင်ဘာ ၁၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **ရန်အောင်**နှင့် ကျင်းရွာနေ **ညီညို**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု ဉာဏ်ကန်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- နိုဝင်ဘာ ၁၄ ရက်တွင် **ညီညီ**နှင့် **ဆန်းလင်းဖြိုး**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့ (၃)ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၁ ရက်တွင် **ညီညို**နှင့် **သန့်ဇင်ဖြိုး**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ် သခွတ်မြင့်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၁ ရက်တွင် **ညီညီ**သည် ဝမ်းတွင်းမြို့နယ် ရိုးစုံအုပ်စု မကျီးအုပ်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၇ ရက်တွင် **ညီညီ**၊ **ကျော်သက်**၊ **လွင်အောင်ဆင့်**၊ **ကျော်သူစိုး**တို့ လေးဦးသည် သဲတောလေးကျေးရွာနေ အပြစ်မဲ့ပြည်သူ နှစ်ဦးကို လည်းကောင်း။

စာမျက်နှာ ၁၇ သို့ ❒




၂၀၂၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဝမ်းတွင်းမြို့နယ် ဖလန်ကျင်းကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင် မီးရှို့ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ။

❒ စာမျက်နှာ ၁၆ မှ

- ဒီဇင်ဘာ ၁၉ ရက်တွင် **ညီညီ၊ ကျော်သက်၊ လွင်အောင်ဆင့်၊** ဆုံကုန်းကျေးရွာနေ **ဖိုးဝ**တို့ လေးဦးသည် ဝမ်းတွင်းမြို့ သဲတော(၃) အောင်ချမ်းသာရပ်နေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၂၁ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် **လွင်အောင်ဆင့်**တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ် လိန်ပင်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် **ဖိုးဝ**တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ် ဆုံကုန်းကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၈ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် **လွင်အောင်ဆင့်**တို့ သုံးဦးသည် ဝမ်းတွင်းမြို့ သဲတော(၃)ရပ်ကွက် အောင်ချမ်းသာရပ်၌ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၁၇ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် ဆုံကုန်းကျေးရွာနေ **ဆံရှည်**တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ် ကျောက်အိုးကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၁၈ ရက်တွင် **ညီညီ၊ ဆံရှည်၊** ခင်ကြီးကျေးရွာနေ **နေအောင်**နှင့် **မင်းခိုင်**တို့ လေးဦးသည် ဝမ်းတွင်းမြို့နယ် ဆည်ရွာ ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၂၈ ရက်တွင် **ကျော်သက်၊ ညီညီ၊ နှင်းမောင်၊ နန်းခိုင်၊ ဆန်းလင်းဖြိုး၊** ခံတောကျေးရွာနေ **ထွန်းအောင်ကျော်**နှင့် လိန်ပင် ကျေးရွာနေ **ကုလား**တို့ ခုနစ်ဦးသည် ဝမ်းတွင်းမြို့နယ် ခံတော ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**အဓိကစေခိုင်း**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဝမ်းတွင်းမြို့နယ် အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် WTRF အကြမ်းဖက် အဖွဲ့ခေါင်းဆောင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်**က အဓိကစေခိုင်းလျက်ရှိကြောင်း၊ အဖွဲ့ဝင်များအနက် အကြမ်းဖက် ဖောက်ခွဲသတ်ဖြတ်မှု ပြုလုပ်သူများအား ငွေကျပ် ၅ သောင်း ပေးအပ်၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ **သန့်ဇင်ထွန်း(ခ)ကိုဦး**သည် အပြစ်မဲ့ပြည်သူ များအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိသော WTRF အကြမ်းဖက်အဖွဲ့အား နောက်ကွယ်မှ ငွေကြေးထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ WTRF အကြမ်းဖက်အဖွဲ့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့် မှုဖြစ်စေရန်အတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် **အကြမ်းဖက်ဖောက်ခွဲမှု (၃)ကြိမ်၊ ရဟန်း/ သံဃာတော်များနှင့် အပြစ်မဲ့ ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု(၁၇)ကြိမ်** ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူ များအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း နှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**




၂၀၂၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဝမ်းတွင်းမြို့နယ် သဲတောလေးကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင် မီးရှို့ဖျက်ဆီးခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဝမ်းတွင်းမြို့နယ် နဘဲကန်ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဝမ်းတွင်းမြို့နယ် ကျင်းရွာ ကျေးရွာ၌ အမက(ကျင်းရွာ)မှ ကျောင်းဆရာမတစ်ဦးနှင့် အပြစ်မဲ့ ပြည်သူတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု မှတ်တမ်း ဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဝမ်းတွင်းမြို့နယ် သဲတောလေး ကျေးရွာရှိ မင်္ဂလာမုန်ကျောင်းတိုက်တွင် ဆွမ်းဘုဉ်းပေးနေသည့် သံဃာ တော်တစ်ပါး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဝမ်းတွင်းမြို့နယ် ဥဒေါင်ကန် ကျေးရွာအနီးရှိ ကြေးဝါကြီးဘုရားဈေး၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ဝမ်းတွင်းမြို့နယ် ဝမ်းတွင်း(၃) ရပ်ကွက်တွင် အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ် ခံရမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဝမ်းတွင်းမြို့ လိန်ပင်လမ်းခွဲ အနီး "အင်ကြင်းစံ" ကဖေးနှင့် စားဖွယ်စုံဆိုင်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့စဉ် သေဆုံး/ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဝမ်းတွင်းမြို့နယ် အင်းယင်း ကျေးရွာအနီးရှိ ထွန်းနိုင် ပိုင်ဆိုင်သည့် လယ်ကွင်းအတွင်းမှ သိမ်းဆည်း ရမိသည့် လက်လုပ်ဗုံးမှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဝမ်းတွင်းမြို့နယ် သဲတော(၃) ရပ်ကွက် အောင်ချမ်းသာရပ်၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဝမ်းတွင်းမြို့နယ် ကျောက်အိုး ကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၀၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၀၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၂-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီမှ (၇-၂-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၈၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၅၀၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၄၆,၃၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၃၈,၄၀၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၄,၂၂၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၇၉) ခု | (၇၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၇) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၇) ခု | (၁၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၈၀) ခု | (၉၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၅၆) ခု | (၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၉၇၂) ခု | (၂၆၁) ဦး |
| **စုစုပေါင်း** | **(၂၄,၈၃၆) ခု** | **(၅၀၈) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၈၀၁၇၄၀၂ | ၄၇၉၉၈၃၇၀ | ၉၂၆၀၂၉ |
| ၂။ | အိန္ဒိယ | ၄၂၂၇၂၀၁၄ | ၄၀၆၆၀၂၀၂ | ၅၀၂၉၀၅ |
| ၃။ | ဘရာဇီး | ၂၆၅၃၆၅၉၇ | ၂၂၇၁၇၉၀၇ | ၆၃၂၂၈၉ |
| ၄။ | ပြင်သစ် | ၂၀၇၅၈၃၇၁ | ၁၄၁၄၂၀၂၂ | ၁၃၂၅၀၆ |
| ၅။ | ဗြိတိန် | ၁၇၈၀၃၃၂၅ | ၁၅၂၄၆၉၄၃ | ၁၅၈၃၁၈ |
| ၆။ | ရုရှား | ၁၂၉၈၂၀၂၃ | ၁၀၆၂၄၉၅၄ | ၃၃၆၀၂၃ |
| ၇။ | တူရကီ | ၁၂၂၃၈၅၀၁ | ၁၁၄၁၃၈၉၆ | ၈၈၇၃၄ |
| ၈။ | အီတလီ | ၁၁၆၂၁၇၃၆ | ၉၃၉၉၇၁၇ | ၁၄၈၇၇၁ |
| ၉။ | ဂျာမနီ | ၁၁၀၅၉၈၇၃ | ၈၁၄၂၁၀၀ | ၁၁၉၃၆၆ |
| ၁၀။ | စပိန် | ၁၀၂၇၄၆၅၃ | ၆၅၇၃၄၇၁ | ၉၄၂၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၅၄၂၆၀၁ | ၄၁၉၁၆၀၄ | ၁၄၄၆၃၆ |
| ၂။ | ဖိလစ်ပိုင် | ၃၆၁၆၃၈၇ | ၃၄၄၅၁၂၉ | ၅၄၅၃၈ |
| ၃။ | မလေးရှား | ၂၉၁၄၂၂၀ | ၂၈၁၂၆၁၄ | ၃၂၀၃၄ |
| ၄။ | ထိုင်း | ၂၅၀၇၄၇၁ | ၂၃၉၂၃၈၄ | ၂၂၃၀၆ |
| ၅။ | ဗီယက်နမ် | ၂၃၅၈၇၈၆ | ၂၁၂၂၃၈၀ | ၃၈၄၂၄ |
| ၆။ | မြန်မာ | ၅၃၈၄၀၉ | ၅၁၄၂၂၃ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၉၇၈၂၃ | ၃၆၀၃၄၃ | ၈၇၁ |
| ၈။ | လာအို | ၁၃၆၇၂၀ | ၁၃၂၀၃၂ | ၅၇၄ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၈၈၁ | ၁၁၈၂၁၂ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၈၁၅၂ | ၁၆၁၇၈ | ၉၈ |

## သာယာဝတီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster Dose ထပ်မံထိုးနှံပေး

**သာယာဝတီ ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covishield ထိုးနှံပြီးကာလ ခြောက်လနှင့်အထက်ရှိသူ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား Booster Dose ထပ်မံထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster Dose ထိုးနှံပေးရာသို့ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့က သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။


ယင်းသို့ ထပ်မံထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster Dose အား ပြည်သူများ လာရောက်ထိုးနှံနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်လျက်ရှိပြီး နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ထိုးနှံပေးလျက်ရှိသည်။

သာယာဝတီမြို့နယ်၌ (Booster Dose)ထပ်မံထိုးနှံပေးနေသည့် အုပ်စုများမှာ ဂုံမင်းမြောင်အုပ်စု၊ ကျွန်းကုန်းအုပ်စု၊ ကံကလေးအုပ်စု၊ မကျီးကွင်းအုပ်စု၊ ကျွဲသတ်အုပ်စု၊ ဖြူကလေးအုပ်စု၊ အင်းရွာအုပ်စု၊ သင်တောရိုးအုပ်စု၊ ကျွဲခြံအင်းအုပ်စု၊ ချောင်းသုံးခွအုပ်စုနှင့် သဲဖြူအုပ်စုတို့ဖြစ်ပြီး လုပ်ငန်းရည်မှန်းချက်ဖြင့်တစ်ရက်လျှင် လူဦးရေ ၁၀၀၀ ခန့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးခိုင်(သာယာဝတီ)**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"နောက်တစ်ခုက တို့အနေနဲ့ ဒီမြို့မှာ ဒီလောက် ကြာကြာနေနေတာကိုက မှားတာပါပဲလေ။ ဖြစ်သင့်တာက ဒီထက်စောစောကတည်းက ဒီမြို့က ထွက်ခဲ့ဖို့ကောင်းတာပဲ။ အဖြစ်ကတော့ မနှစ်ကနဲ့မတူဘူးဆိုတာလို ဖြစ်နေပြီပေ့ါ။ မြို့မှာနေပြန်တော့လည်း ဗုံးဒဏ် ကြောက်ရ၊ ဂျပန်ရန် ကြောက်ရနဲ့။ နယ်သွားပြန်တော့လည်း ဓားပြ ကြောက်ရ၊ ရောဂါဖြစ်မှာ ကြောက်ရနဲ့။ ဘယ်သွားသွား ဘယ်လာလာ ဒုက္ခချည်းပါပဲကလား။

တစ်ဆက်တည်းမှာပင် ဦးအောင်ခန့် ညည်းညူသလို ဆိုသည်။

ခင်ခင်ကြီးတို့လူသိုက်သည် ပစ္စည်းများကို ထုပ်ကြပိုးကြသည်။ စင်စစ် ထုပ်ပိုးပြင်ဆင်ကြရသည် ဆိုရသော်လည်း ပစ္စည်းပစ္စယမှာ မည်မည်ရရ မရှိလှတော့။ ထို့ကြောင့် အလွယ်နှင့်ပင် ပြီးသည်။

"ထွန်းခင်ရေ၊ တို့များ ငှားလို့ဘာရမလဲ၊ နွားလှည်းရမလား၊ မြင်းလှည်းရမလား။ မော်တော်ကားကတော့ မလွယ်ဘူးထင်တယ်။ ဘာပဲရရပေ့ါကွာ။ ရရာသာငှား"

ကိုထွန်းခင် အိမ်မှထွက်သွားသည်။ ခင်ခင်ကြီးတို့အားလုံး ဧည့်ခန်းမှာ ရှိကြသည်။ စုဝေး၍ ထိုင်နေကြသည်။ စကားကိုမူ မဆိုဖြစ်ကြ။ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြရပြန်သည်။

ကိုထွန်းခင် တော်တော်နှင့် ပြန်မလာ။ ယာဉ်တစ်ခုခုကို ငှားရန်အတွက် အခက်အခဲတွေ့နေဟန်ရှိသည်။

ကိုထွန်းခင်အစား အခြားသူများသာ ရေနံ့သာသို့ ရောက်လာသည်။ ၎င်းတို့ကား ဂျပန်များသာတည်း။

အိမ်ရှေ့တွင် မော်တော်ကားတစ်စီး ထိုးဆိုက်လာသည်။ အစသော် ကိုထွန်းခင် ပြန်ရောက်လာသည်ဟု ထင်ကြသည်။ အိမ်တံခါးဖွင့်လျက် ကြိုဆိုသည်။ ကားပေါ်မှ ဆင်းလာသူများကို မြင်ရသောအခါ အားလုံးပင် တုန်လှုပ်ချောက်ချားခြင်းကို ခံစားကြရသည်။ တံခါးကို ပြန်မပိတ်မိတော့ဘဲ ကြက်သေသေကာ ကြည့်နေမိကြသည်။

ယခုအခါတွင် ခင်ခင်ကြီးတို့သည်လည်း ရှောင်ပုန်းရန် အချိန်မရခဲ့တော့ပေ။

စောစောက ရေနံ့သာသို့ ရောက်လာခဲ့ကြသော ဂျပန်စစ်သားလေးယောက်အပြင် အခြားဂျပန်နှစ်ယောက်၊ ဗမာစကားပြန်တစ်ယောက်တို့ပါ ပါလာသည်။ စကားပြန်မှအပ အခြားသူများတွင် လက်နက်အပြည့်အစုံ ပါလာခဲ့ခြင်းဖြစ်ပါသည်။

အိမ်အတွင်း ရောက်လာပြီဆိုလျှင်ပင် အားလုံးကို သေနတ်နှင့်ချိန်ထားသည်။ နေရာမှမထရန် ပြောသည်။ သူတို့အထဲတွင် ပါလာသော မျက်မှန်နှင့် ဂျပန်တစ်ယောက်မှာ အားလုံးအနက် ရာထူးအကြီးဆုံးဖြစ်ဟန်တူသည်။ သူကပင် စတင်၍ စကားဆိုသည်။

"ခင်ဗျားတို့ဟာ နိပ္ပွန်တပ်မတော်သားတွေကို စော်ကားခဲ့တယ်လို့ ဆိုပါတယ်။ သေနတ်နဲ့ပစ်ဖို့ ကြိုးစားခဲ့တယ်လို့ပြောတယ်။ ဒီအတွက် ဟော့ဒီဗိုလ်ကြီး ယာမာကူဒါက နည်းနည်းပါးပါးမေးမြန်းချင်တယ်လို့ဆိုပါတယ်"

စကားပြန်က ဆိုသည်။

သည်တွင် ဦးအောင်ခန့်ကပြန်ပြောသည်။

"ဒီလိုမဟုတ်ပါဘူး။ ကျုပ်တို့က အစော်ကားခံရတာပါ။ ခင်ဗျားသိတဲ့အတိုင်း ကျုပ်တို့ဟာ လူကောင်းတွေပါ။ အေးအေးဆေးဆေး၊ ရိုးရိုးကုပ်ကုပ် လုပ်ကိုင်စားသောက်နေကြတဲ့ အရပ်သားတွေပါ။ သူတို့ဘာသာမူးပြီး ဒီကိုရောက်လာတယ်။ ကျုပ်ရဲ့သမီးနဲ့ ကျုပ်အိမ်က မိန်းကလေးတွေကို စော်ကားမော်ကား လုပ်ချင်တယ်။ ဒါကိုတော့ ကျုပ်တို့ကာကွယ်ရမှာ ဓမ္မတာပဲမဟုတ်လား"

ဦးအောင်ခန့်၏စကားကို စကားပြန်က ဂျပန်လိုပြန်ပေးသည်။

ဂျပန်စစ်ဗိုလ်၏မျက်နှာသည် တင်းမာလာသည်။ ချက်ချင်းလိုပင် နီရဲလာသည်။ သူ့လူများဘက်သို့လှည့်၍ ဂျပန်လိုမေးခွန်းထုတ်သည်။ သူ့လူများက စကားမပြန်။

ဂျပန်စစ်ဗိုလ်သည် ပိုမိုစိတ်ဆိုးလာဟန်ရှိသည်။ ဆဲရေးရင်း ဂျပန်စစ်သားများ၏ ပါးကို တဖုန်းဖုန်း ရိုက်လိုက်သည်။ ထို့နောက် ဦးအောင်ခန့်ဘက်သို့လှည့်ကာ အဖြစ်အပျက်အလုံးစုံကို ပြောပြစေသည်။ ဦးအောင်ခန့်သည် အဖြစ်အပျက်ကို အစအဆုံး ပြောပြရသည်။

ဂျပန်စစ်ဗိုလ်၏ မျက်စိအစုံသည် မကြာခဏဆိုသလိုပင် ခင်ခင်ကြီးထံ ဝဲဝဲလာသည်။ တစ်ခါတစ်ရံ စူးစိုက်ကြည့်လာတတ်သည်။ ခင်ခင်ကြီးမှာ သူတို့မျက်မှောက်မှ ချက်ချင်းထွက်ပြေးလိုစိတ်ပေါက်နေမိသည်။

သူသည် စကားပြန်အား ဂျပန်စကားနှင့် ပြောသည်။ စကားပြန်က ဗမာလို ပြန်ပေးသည်။

"ဗိုလ်ကြီးကပြောပါတယ်။ အခုအတိုင်းဆိုရင် ဦးတို့ကို အင်မတန်အားနာစရာကောင်းပါတယ်တဲ့။ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စပါပဲတဲ့။ ဒီအတွက် သူ့လူတွေကို ဆုံးမပါမယ်တဲ့။ ဒါပေမဲ့ ဦးတို့မှာ သေနတ်တွေ ဘာတွေရှိနေတဲ့ကိစ္စနဲ့ ပတ်သက်လို့ကတော့ မကျေနပ်ဘူးတဲ့။ သေနတ်တွေကို ဘယ်ကရတယ်ဆိုတာပြောပါတဲ့"

"သေနတ်တွေကို ကျုပ်တို့ ဝယ်ထားခဲ့တာပါ။ ခေတ်က ဗရုတ်သုတ်ခ မဟုတ်လား။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ သေနတ်ဝယ်ခဲ့တာပါ"

စကားပြန်မှတစ်ဆင့် ဦးအောင်ခန့်၏ စကားကိုကြားရလေလျှင် ဂျပန်စစ်ဗိုလ်၏ မျက်နှာမှာ တင်းမာလာပြန်သည်။ သွေးရောင်လွှမ်းလာပြန်သည်။ ဂျပန်လို အော်ဟစ်ပြောဆိုပြန်သည်။

"ဦးရဲ့စကားဟာ နိပ္ပွန်တွေကို စော်ကားသလို ဖြစ်နေတယ်တဲ့။ ဒီစကားကို ပြန်ပြီး ရုပ်သိမ်းပါတဲ့"

"ကျုပ် အမှန်အတိုင်းပြောတာပဲမောင်"

ဂျပန်စစ်ဗိုလ်သည် ဦးအောင်ခန့်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ဦးအောင်ခန့်၏မျက်နှာထားမှာ တင်းမာနေသည်။ ဂျပန်စစ်ဗိုလ်ကို မခန့်လေးစားအသွင်ရှိသည်။

သည်တွင်ပင် အခြေအနေ ဆိုးရွားလာရပြန်ပြီဖြစ်ကြောင်း ခင်ခင်ကြီးတို့ သဘောပေါက်လာသည်။ ရင်ထိတ်ရပြန်ပေပြီ။ တုန်လှုပ်ချောက်ချားရပြန်သည်။

ဂျပန်စစ်ဗိုလ်က စကားဆိုသည်။

"ဦးတို့မှာရှိတဲ့ သေနတ်တွေ ပေးပါတဲ့"

စကားပြန်က ဆိုသည်။ ဦးအောင်ခန့် ချက်ချင်းငြင်းသည်။

"အို၊ ဘာလို့ပေးရမှာလဲ။ ကျုပ်ပိုက်ဆံနဲ့ ကျုပ်ဝယ်ထားတာပဲဟာ"

"ပေးလိုက်စမ်းပါ၊ ကိုအောင်ခန့်ရယ်"

ဒေါ်မြလေးက မနေသာတော့သလို ဝင်ပြောသည်။

ဦးအောင်ခန့်သည် မကျေနပ်သော အသွင်အပြင်နှင့်ပင် သေနတ်များကို သိမ်းထားရာမှ ထုတ်ပေးလိုက်ရသည်။

"စော်ကားတယ်ဟေ့။ စော်ကားတယ်။ အသက်ကြီးနေလို့သာ ခေါင်းငုံ့ခံရတာပေ့ါကွာ။ အောင်ခန့်တို့ အသက်ထက်ဝက်လောက် ပြန်ငယ်လိုက်ချင်တယ်" စသည်ဖြင့် ဦးအောင်ခန့် ရေရွတ်နေသည်။ ဤသည်ကို စကားပြန်က ပြန်မပြော၍သာ တော်တော့သည်ဟု ခင်ခင်ကြီး မှတ်ယူမိသည်။

သေနတ်ရလျှင် ဂျပန်တို့ ပြန်ကြလိမ့်မည်ထင်သည်။ ထိုမျှနှင့်ပင် ကိစ္စပြီးငြိမ်းလိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့ရာတွင် ထင်သလိုမဟုတ်။ ကိစ္စမပြီးငြိမ်းသေး။

"ဗိုလ်ကြီးက ပြောပါတယ်။ စောစောက ဒီအိမ်မှာ လူနှစ်ယောက်ရှိတယ်။ အဲဒီတစ်ယောက်ကို ခေါ်ပေးပါတဲ့"

"ပြောလိုက်စမ်းကွာ မင်းတို့ဗိုလ်ကြီးကို၊ အဲဒီလူ မရှိတော့ဘူး။ ဒီမြို့က ထွက်သွားပြီလို့"

စင်စစ် ဦးအောင်ခန့်က ကိစ္စကို လွယ်လွယ်နှင့် ပြီးမည်အထင်နှင့် အစတုံး ပြောလိုက်ခြင်းဖြစ်သည်။ အမှန်မှာ ယင်းစကားသည် ကြမ္မာဆိုးကိုဖိတ်ခေါ်လိုက်သည်နှင့် တူခဲ့လိမ့်မည်ဟု မမှတ်ယူမိ။

ဂျပန်စစ်ဗိုလ်သည် ပို၍ ဒေါသတကြီးဖြစ်လာသည်။ ရှူးရှူးရှဲရှဲ ဖြစ်လာသည်။

"အဲဒီလူဟာ အင်္ဂလိပ်သူလျှိုလားတဲ့"

သည်အမေးကို ဦးအောင်ခန့် ရယ်ပစ်လိုက်သည်။ သို့ရာတွင် သူသည် ပျာပျာသလဲ ငြင်းရသည်။

"မဟုတ်ရပါဘူး မောင်ရာ။ သူဟာ လူကောင်းပါလို့ မင်းတို့ဗိုလ်ကြီးကို ပြောစမ်းပါဦး"

စကားပြန်သည် ထိုစကားကို ပြန်ပြောသည်။

"ဦးရဲ့စကားကို ဗိုလ်ကြီးက မယုံဘူးတဲ့ ခင်ဗျ"

"ဟေ"

ဦးအောင်ခန့် အံ့သြသလိုဆိုသည်။

"မယုံရင်လည်း မတတ်နိုင်ဘူး။ ကျုပ်က အမှန်အတိုင်း ပြောတာပဲဟာ။ ပြောစမ်းပါဦးကွာ။ မင်းရဲ့ဗိုလ်ကြီးကို။ ဒီလူဟာ သူလျှိုကိစ္စတို့ဘာတို့ နားမလည်ပါဘူးလို့။ ဒီအိမ်ကအစေခံပါလို့"

ဒေါ်မြလေးကလည်းဝင်၍ပြောရသည်။

"ဟုတ်ပါတယ် မောင်ရင်ရယ်။ သူ့နာမည်က ထွန်းခင်ပါ။ လူကောင်းတစ်ယောက်ပါ"

ခင်ခင်ကြီးတို့ကား အသက်မှရှူမိရဲ့လားထင်ရသည်။ လူအားလုံးကို အထိတ်တလန့်အမူအရာဖြင့် ကြည့်နေကြသည်။

"အဲဒီလူ အခုဘယ်မှာလဲ"

"ပြောပြီကော သူ ဒီမြို့ကထွက်သွားပြီလို့"

"ဒါဆိုရင်တော့ သေချာနေပြီ။ သူ့ကို ဖမ်းရလိမ့်မယ်"

ဦးအောင်ခန့်မှာ အစဉ်းစားရကျပ်သလို ဖြစ်လာသည်။ စိတ်တိုု၍လည်း လာမိပုံပေါ်သည်။

"နေစမ်းပါဦးကွယ့်။ သူဟာ သူလျှိုပါလို့ အထောက်အထား တစ်စုံတစ်ခု မတွေ့ရသေးဘဲ ထင်တာနဲ့ ဖမ်းမယ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး"

"အဓိပ္ပာယ်ရှိတာ မရှိတာတော့မသိဘူး။ ဖမ်းစရာရှိရင်တော့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဖမ်းရမှာပဲ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"အိမ်ရှေ့တွင် မော်တော်ကားတစ်စီး ထိုးဆိုက်လာသည်။ အစသော် ကိုထွန်းခင် ပြန်ရောက်လာသည်ဟု ထင်ကြသည်။ အိမ်တံခါးဖွင့်လျက် ကြိုဆိုသည်။ ကားပေါ်မှ ဆင်းလာသူများကို မြင်ရသောအခါ အားလုံးပင် တုန်လှုပ်ချောက်ချားခြင်းကို ခံစားကြရသည်။ တံခါးကို ပြန်မပိတ်မိတော့ဘဲ ကြက်သေသေကာ ကြည့်နေမိကြသည်။ ဂျပန်စစ်ဗိုလ်၏ မျက်စိအစုံသည် မကြာခဏဆိုသလိုပင် ခင်ခင်ကြီးထံ ဝဲဝဲလာသည်။ တစ်ခါတစ်ရံ စူးစိုက်ကြည့်လာတတ်သည်။ ခင်ခင်ကြီးမှာ သူတို့မျက်မှောက်မှ ချက်ချင်းထွက်ပြေးလိုစိတ် . . . "**

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

**နန္ဒာသိန်းဇံ**

**(ယခင်အပတ်မှအဆက်)**

ဒါပေမဲ့ အချိန်ကလည်းမရှိတော့ မရအရ ချိုးရတော့တာပဲ။ ဒီလိုမရအရကမူးရှူးထိုးနဲ့ ချိုးရင်း အကိုင်းတစ်ခုရဲ့အဖျားစွန်းနဲ့ သူ့မျက်စိကို ထိုးမိပြီး မျက်စိကန်းသွားတယ်။ နာလွန်းတော့ မျက်စိတစ်ဖက်ကို လက်နဲ့ပိတ်၊ သစ်ပင်ပေါ်က ခက်ခက်ခဲခဲဆင်း၊ အောက်ရောက်တော့ ချိုးချထားပြီးသလောက် ထင်းကိုပဲ စုဆောင်းချည်နှောင်ပြီး သွားနှင့်ကြပြီဖြစ်တဲ့ သူ့သူငယ်ချင်းတွေနောက် အပြေးလိုက်လာခဲ့တယ်၊ သတ္တိကလည်းနည်းတော့ တောထဲမှာ တစ်ယောက်တည်းချန်ပြီးလည်း မနေရဲဘူးနဲ့ တူပါတယ်။

ဆရာကြီးအိမ်ပြန်ရောက်တော့ သူ့သူငယ်ချင်းတွေက ထင်းတွေပုံနှင့်ပြီးနေပြီ။ ဒါနဲ့ သူက သူ့ရခဲ့တက်သားစိုထင်းတွေကို ထင်းပုံရဲ့အပေါ်ဆုံးကနေ ထပ်ပုံလိုက်တယ်။

"အဲဒီနေ့မှာပဲ ဆရာကြီးဟာ ဇနပုဒ်ရွာတစ်ရွာက ဖိတ်ကြားချက်တစ်ခုကို ရထားတယ်။ သူ့တပည့်တွေကို ဒီရွာကိုလွှတ်ဖို့လည်း ဆရာကြီးက ကြံထားတယ်။ ဒါနဲ့ဆရာကြီးက သူ့တပည့်တွေကို ခေါ်ပြီး "နောက်တစ်နေ့နံနက်မှာ ဖိတ်ကြားထားတဲ့ရွာကိုသွားဖို့ရှိတယ်။ ရွာကသွားဖို့ နည်းနည်းလှမ်းတယ်။ ဒါကြောင့် ကျွန်မကို စောစောနှိုးပြီး ယာဂုကျိုခိုင်းရမယ်။ ယာဂုသောက်ပြီးမှသွားကြ" လို့မှာတယ်။

ဒါနဲ့နောက်တစ်နေ့မနက်မှာ တပည့်တွေဟာ စောစောထပြီး ကျွန်မကိုနှိုးတယ်။ ဒီလိုနှိုးပြီး "ယာဂုကျိုချေပါ" လို့ ခိုင်းလိုက်တယ်။ ကျွန်မက မီးမွှေးပြီး ယာဂုကျိုဖို့ ထင်းပုံမှာထင်းသွားဆွဲတယ်။ သူဆွဲလာခဲ့တဲ့ ထင်းတွေက မနေ့က ပျင်းတဲ့လူငယ်နောက်ဆုံးမှ ထပ်ပြီးပုံထားတဲ့ ခံတက်သားထင်းစိုတွေပဲ။ ဒီထင်းစိုတွေနဲ့ မီးမွှေးတော့ ဘယ်ကလာမီးတောက်နိုင်မှာလဲ။ ကျွန်မကလည်း ခံတက်သားစိုထင်းတွေချိုးလာတဲ့ လူငယ်လို ခပ်ပျင်းပျင်း ခပ်ဖျင်းဖျင်းနဲ့တူပါတယ်။ တကယ်ဆို ထင်းစိုနဲ့ မွှေးမရရင် တခြားခြောက်တဲ့ထင်းကို သွားယူပြီး မီးမွှေးသင့်တာပေါ့။ ဒါပေမဲ့ပျင်းကလည်းပျင်း၊ သိနားလည်မှုကလည်း မရှိတော့ ဒီခံတက်သားစိုထင်းတွေနဲ့ပဲ မရအရမီးမွှေးနေတယ်။

ဒီတော့ မီးကမတောက်နိုင်၊ မီးမတောက်တော့ ယာဂုအိုးက မကျက်နိုင်နဲ့ မိုးစင်စင်လင်းသွားတယ်။ လူငယ်တွေ အချိန်မီ ယာဂုမသောက်ရတော့ဘူး။ အချိန်နောက်ကျနေပြီဆိုတော့ တပည့်လူငယ်တွေက ဖိတ်ထားတဲ့ရွာကို မသွားကြတော့ဘူး။

ဒီအခါမှာ ဆရာကြီးကလာပြီး "ဘာကြောင့် ဖိတ်ကြားထားတဲ့ရွာကို မသွားကြတာလဲ" မေးတော့ တပည့်တွေက ပျင်းတဲ့လူငယ်ယူလာတဲ့ ခံတက်သားထင်းစိုတွေအကြောင်းမှစပြီး ဖြစ်ပုံပျက်ပုံအလုံးစုံကို ပြန်ပြောပြကြတယ်။

ဒီအခါမှာ ဆရာကြီးက လုပ်သင့်တာတွေ မလုပ်ခဲ့တဲ့ ပျင်းတဲ့လူငယ်ကိုသာဓကပြုပြီး တပည့်တွေကို ဩဝါဒတစ်ခုပေးပါတယ်။

"အမောင်တို့... ရှေးဦးစွာပြုလုပ်ရမယ့်အမှုကို ရှေးဦးစွာပဲ ပြုလုပ်ရတယ်၊ ရှေးဦးစွာပြုလုပ်ရမယ့် အမှုကို နောက်မှပြုလုပ်ရင် သင်တို့ရဲ့ ခံတက်ကိုင်းစိုကို ချိုးတဲ့သူငယ်ချင်းလို မဖြစ်သင့်တာတွေဖြစ်ပြီး နောင်တတစ်ဖန်နဲ့ ပူပန်ရတတ်တယ်"တဲ့။

ဒီစကားဟာ ဘဝခရီးသည် ကျွန်တော်တို့အားလုံး အတွက် အမြဲအကျိုးပြုနေမယ့်စကားဖြစ်နိုင်ပါတယ်။

လုံ့လဝီရိယနည်းခြင်းဆိုတဲ့ ပျင်းရိမှု၊ ထိုင်းမှိုင်းမှု၊ တွေဝေမှုတွေ လူမှာရှိနေရင် အခြေအနေတွေကို မှန်မှန်ကန်ကန်မမြင်နိုင်တော့ဘူး။ ဘယ်ဟာကို လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆိုတာလည်း မသိနိုင်တော့ဘူး။ ဒီလိုအသိအမြင်မရှိပြန်တဲ့အခါ လုပ်သင့်တာမလုပ်မိ၊ မလုပ်သင့်တာတော့ လုပ်မိတာမျိုးတွေ ဖြစ်ကုန်တယ်။ မလွှဲမရှောင်သာဘဲ ကြိုးစားလုံ့လပြုဖို့ ကြုံလာရင်လည်း အကျိုးမရှိတဲ့ ကြိုးစားလုံ့လပြုခြင်းတွေဖြစ်ကုန်တယ်။ ရှေးဦးပြုသင့်တာကို နောက်မှ ပြုခြင်းမျိုးတွေဖြစ်ကုန်တယ်။ ကြိုတင်ပြီးလုပ်ရမှာတွေကို မလုပ်မိလိုက်တာမျိုးတွေလည်း ဖြစ်ကုန်တယ်။ ဒီအခါမှာဆုံးရှုံးခြင်းတွေ၊ နောင်တတွေ၊ ပူပင်သောကတွေ ဖြစ်ရတာပဲ။

ကျောင်းသားတစ်ဦးအဖို့ စာမေးပွဲမတိုင်မီ လုပ်သင့်တာ ရှေးဦးစွာလုပ်ရမှာက ကျက်စရာမှတ်စရာရှိတာတွေကို အပိုင်ကျက်မှတ်ထားဖို့ပဲ။ စာမေးပွဲသိပ်နီးကပ်မှကျက်ရင် မှတ်ရင်တော့ ရခဲ့တက်ကိုင်းချိုးတဲ့လူငယ်လို ကသောကမျောလုပ်ရတာဆိုတော့ မဖြစ်သင့်တာတွေ ဖြစ်တတ်တာပဲ။ နေ့မအိပ် ညမအိပ် ကသောကမျော ထိတ်ထိတ်ပျာပျာနဲ့ ကြိုးစားမိလို့ ရောဂါတွေရပြီး စာမေးပွဲမဖြေနိုင်ဘဲ ကျရှုံးတာမျိုးဖြစ်နိုင်တာပဲ။ ပြိုင်ပွဲဝင်မယ့် အားကစားသမားဟာလည်း ပြိုင်ပွဲမဝင်မီ စနစ်တကျ မှန်မှန်လေ့ကျင့်ထားဖို့လိုမှာပဲ။ တရားဓမ္မဘက်ကနေ ပြောရင်တော့ မအိုခင်၊ အနာရောဂါတွေမရခင် တစ်မင်္ဂတစ်ဖိုလ်လောက်တော့ရအောင် တရားဓမ္မ အားထုတ်ထားဖို့လိုတယ်လို့ဆိုရမှာပဲ။ အိုမင်းလာမှ၊ သေခါနီးမှ သေရမှာကြောက်လန့်ပြီး ကသောကမျော အားထုတ်တာမျိုးဟာ မမှန်တဲ့ကြိုးစားခြင်းမျိုးပဲ။ အသက်ကလည်းအို၊ ရောဂါကလည်း ကပ်လာတဲ့အချိန်မှာ တရားအားထုတ်ရင် ရုပ်ခွန်အား၊ စိတ်ခွန်အားတွေ နည်းနေပြီဆိုတော့ ခိုင်ခံ့တဲ့သမာဓိရဖို့ မလွယ်ဘူး။ သမာဓိမရှိရင် အမှန်တရားကို မြင်ဖို့ မလွယ်ဘူး။ ဒီတော့ ရုပ်ခွန်အား၊ စိတ်ခွန်အားရှိတုန်း၊ အခြေအနေတွေပေးတုန်းမှာ ကြိုးစားထားရမှာပဲ။

ဗုဒ္ဓက တစ်နေရာမှာ ဘယ်လိုတောင်တိုက်တွန်းထားသလဲဆိုတော့ "ရင်ဝမှာ လှံစူးဝင်ခံရသူဟာ နာကျင်ခြင်းဝေဒနာကလွတ်အောင် ချက်ချင်း နုတ်ပယ်ဖို့ ကြိုးစားသလို၊ ဦးခေါင်းမှာ မီးလောင်သူဟာ အလျင်မြန်ဆုံးမီးလောင်မှုမှ လွတ်အောင် ကြိုးစားငြိမ်းသတ်သလို ဒီဘဝမှာလည်း လွတ်မြောက်ရေးတရားကို ဆိုင်းတွဲ့မနေဘဲ လျင်လျင်မြန်မြန်ပဲ ကြိုးစားအားထုတ်ရမယ်" တဲ့။ ပြီးတော့"လုံ့လကြိုးကုတ်အားထုတ်မှုကို ယနေ့ပင် ပြုအပ်၏၊ ပြုသင့်၏၊ ပြုထိုက်၏၊ ပြုရမည်"တဲ့။

ဝီရိယအားနည်းလို့ လုပ်သင့်တာမလုပ်မိဘဲ တွေဝေနေရင် အခွင့်အခါကောင်းတွေကို လက်လွှတ်သွားတာပဲ။ လက်လွှတ်ခဲ့တာတွေမှ အကြိမ်ကြိမ်ပါပဲ။ တစ်ခါတုန်းက ပန်းပုဆရာတစ်ဦးက ပြခန်းမှာ ပန်းပုရုပ်တွေ ထုပြီးပြထားတယ်။ သူ့ပန်းပုရုပ်တွေထဲမှာ ထူးခြားတဲ့ပန်းပုလက်ရာတစ်ခုပါနေတယ်။ ဘာလဲဆိုတော့ ရှေးဂရိခေတ်က နတ်တစ်ပါးရဲ့ရုပ်တုပဲ။ အဲဒီနတ်ရုပ်ကို ဘယ်လိုထုလုပ်ထားသလဲဆိုတော့ နတ်ရုပ်ရဲ့ မျက်နှာကို ဆံပင်တွေနဲ့ ကွယ်ထားဟန်ထုထားတယ်။ ခြေထောက်မှာ အတောင်တပ်ထားတယ်။ နတ်ရုပ်ရဲ့အမည်ကို "အခါအခွင့်... Opportunity" လို့ပေးထားတယ်။ ပန်းပုလက်ရာတွေကို လာကြည့်ကြတဲ့လူတွေထဲက ပုဂ္ဂိုလ်တစ်ဦးဟာ ဒီနတ်ရုပ်ကို"ဘာအဓိပ္ပာယ်နဲ့ အခုလိုထွင်းထုထားပါလိမ့်" ဆိုတာ တွေးမရဖြစ်နေတယ်။ "အခါအခွင့်" ဆိုတဲ့အမည်က ဘာကိုရည်ညွှန်းတာပါလိမ့်ဆိုတာကိုလည်း အဓိပ္ပာယ်ဖော်မရဖြစ်နေတယ်။ ဒါနဲ့ ဒီနတ်ရုပ်ကိုထုလုပ်တဲ့ ပန်းပုဆရာဆီသွားပြီး...

"ဘာလို့ နတ်ရုပ်ရဲ့မျက်နှာကို ဆံပင်တွေနဲ့ ကွယ်ဝှက်ထားတဲ့ဟန် ထုလုပ်ရတာပါလဲ" လို့မေးတယ်။ ဒီတော့ ပန်းပုဆရာက...

"အခွင့်အခါကောင်းဆိုတာ လူတွေဆီ ရောက်ရောက်လာတတ်ပါတယ်။ ဒါပေမဲ့ အခွင့်ကောင်း အခါကောင်းရောက်လာတာကို ရောက်လာတယ်ရယ်လို့ လူတွေက မသိမမြင်တတ်ကြဘူး။ ဒီလို မသိမမြင်တတ်တာကို ရည်ရွယ်ပြီး မျက်နှာပေါ်မှာ ဆံပင်ဖုံးထားတဲ့ဟန် ထုလုပ်ထားတာပါ"လို့ ရှင်းပြတယ်။

"ခြေထောက်မှာ အတောင်တပ်ထားတဲ့ သဘောကကောဗျာ" လို့ ဒီပုဂ္ဂိုလ်က ဆက်မေးပြန်တယ်။ "အခွင့်အခါကောင်းဆိုတာ ရောက်လာပြီးရင် ကြာကြာနေတာမဟုတ်ဘူး။ ခဏနဲ့ ပြန်ထွက်သွားတာပဲ၊ ယူတတ်တဲ့သူမှရတယ်။ ဒီသဘောကို ရည်ညွှန်းပြီး အတောင်တပ်ထားတာပါ" လို့ ပန်းပုဆရာက ပြန်ဖြေတယ်။ ဒီတော့မှ "အခါအခွင့်" လို့ အမည်ပေးထားတဲ့သဘောကို ဒီပုဂ္ဂိုလ်သဘောပေါက်သွားတယ်တဲ့။

(ဆက်လက်ဖော်ပြပါမည်)

# ကြီးပွားချမ်းသာနည်းဗျူဟာ


**ထက်ခိုင်**

**စိတ်အားထက်သန်မှုရှိပါစေ**

"စိတ်ဓာတ် မြှင့်တင်အားပေးခြင်းသည် ဘဝတွင် တိကျသောရည်မှန်းချက် ပန်းတိုင်များကို ရရှိအောင်မြင်လိုသော အတိုင်းအဆမရှိ ပြင်းပြသောဆန္ဒပင် ဖြစ်သည်။ သင့်ကို ချမ်းသာကြွယ်ဝလိုစိတ် ရှိအောင် နိုးကြားတက်ကြွထက်သန်နေရမည်။"

**စာရေးဆရာ**

**အမ်၊ အက်စ်၊ ရက်ဒီ(M.S.Reddy)**



စိတ်အားထက်သန်မှု သို့မဟုတ် စိတ်ဓာတ်မြှင့်တင်အားပေးခြင်းဟူသည့် အရာမှာ တစ်ပါးသူတို့အတွက် နိုးကြားတက်ကြွမှုကို မလှုံ့ဆော်ခင် မိမိကိုယ်မိမိ ဦးစွာလှုံ့ဆော်မှုပြုရပေမည်။ ချမ်းသာကြွယ်ဝလိုစိတ်ရှိအောင် နိုးကြားတက်ကြွထက်သန်နေရမည်ဖြစ်ကြောင်း စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ(၁၉၂၄-၂၀၁၁) က ပြောကြားခဲ့ဖူးသည်။

ထို့ကြောင့် ဘဝအောင်မြင်မှုရှိပြီး ကြီးပွားချမ်းသာလိုသူတိုင်းသည် စိတ်ဓာတ်မြှင့်တင်မှုစွမ်းအားကို အသုံးပြုကာ စိတ်အားထက်သန်မှုကို ရရှိစေနိုင်မည် ဖြစ်သည်။

၁။ မိမိကိုယ်ကိုယ် သွန်သင်ပါ။
၂။ အောင်မြင်သူများ အကြောင်း လေ့လာဖတ်ရှုပါ။
၃။ အောင်မြင်သူများနှင့် ပေါင်းသင်းနိုင်ပါစေ။
၄။ အောင်မြင်မှုကို အိပ်မက်မက်ကာ ခံစားမှုပြုပါ။
၅။ တက်ကြွ၊ နိုးကြားသူအဖြစ် တွေးခေါ်ကြံဆပါ။
၆။ အားသာချက်များကို ချီးကျူး ဂုဏ်ပြုမှုရှိပါစေ။
၇။ စွမ်းဆောင်မှုရလဒ်ကို နားလည် သဘောပေါက်ပါစေ။
၈။ သဘောထား အမြင်များကို လေးစားမှုပြုပါ။
၉။ လုပ်ငန်းခွင် ပျော်ရွှင်ချမ်းမြေ့မှုကို ဖန်တီးပေးပါ။
၁၀။ အနာဂတ် မျှော်လင့်ချက်ကို စိတ်ဝင်စားပါစေ။

အောင်မြင်ရေး သဘောတရားများကို ရေးသားရာတွင် ထင်ရှားကျော်ကြားသည့် ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီက စိတ်အားထက်သန်မှုနှင့်ပတ်သတ်၍ ချမ်းသာကြွယ်ဝလိုစိတ်ရှိအောင် နိုးကြားထက်သန်နေစေရန် ဖော်ပြပါအချက် (၁၀) ချက်ကို လိုက်နာကျင့်ဆောင်ကြရန် တိုက်တွန်းထားကြောင်း မှတ်သားဖူးပါသည်။

သို့ဖြစ်၍ ကြီးပွားချမ်းသာလိုသော ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ကြီးပွားချမ်းသာမှုအား မျှော်လင့်ချက်ထားကြိုးစားကြရာတွင် မိမိကိုယ်ကိုယ် စိတ်ဓာတ်မြှင့်တင်အားပေးခြင်းနှင့် စိတ်အားထက်သန်မှုကို မွေးမြူကြရပေမည်။

မိမိ၏စိတ်အားထက်သန်မှု မည်မျှရှိသနည်း။ ဆန္ဒပြင်းပြမှု ဘယ်ရွေ့ဘယ်မျှရှိသနည်း။ မိမိစိတ်ကိုမိမိက မည်မျှထိန်းချုပ်၍ မည်မျှမောင်းနှင်နိုင်သနည်း ဟူသည်တို့ပေါ်တွင် မျှော်လင့်ချက်အရာများက ပြည့်စွမ်းလာရသည်ချည်းဖြစ်သည်။

ထို့ကြောင့် စိတ်စွမ်းအား၊ စိတ်တန်ခိုးတို့ကသာလျှင် မိမိကိုယ်ကိုယ်နှိုးဆော်မှုပြုနိုင်ပေသည်။

ပထမဦးစွာ မိမိကိုယ်ကိုယ်မိမိ လှုံ့ဆော်ကာ နိုးကြားတက်ကြွမှုကို ဖန်တီးရယူရမည်ဖြစ်ပေသည်။ သို့မှသာ မိမိနှင့် ပတ်ဝန်းကျင်မှလူများကို အလုပ်တစ်ခုကြိုးပမ်းရာ၌ စိတ်ဓာတ်တက်ကြွ နိုးကြားမှုရှိလာစေရန် လှုံ့ဆော်နိုင်ရမည်လည်း ဖြစ်သည်။

မိမိ၏ စိတ်အားထက်သန်မှုက မိမိကိုယ်မိမိယုံကြည်မှုကို တည်ဆောက်နိုင်ပြီး ယုံကြည်မှုမြင့်မားလာသည်နှင့်အညီ စိတ်ဓာတ်နိုးကြွမှုကလည်း အချိုးညီ တိုးတက်လာမည်ဖြစ်ပေသည်။ ကြီးပွားချမ်းသာရမည်ဟူသည့် ယုံကြည်မှုမြင့်မားမှုသည် ကြီးမားလျှင် ကြီးမားသလောက် အောင်မြင်မှုအတိုင်း အဆကြီးမားမည်လည်း ဖြစ်ပေသည်။ **စာမျက်နှာ ၂၁ သို့ ❍**

# လမ်းညွှန်၊ လမ်းပြသူဖြစ်ချင်သလား

မောင်ထူးချွန်

လမ်းညွှန်သူ၊ လမ်းပြသူ ဖြစ်ချင်သလား။

သူတစ်ပါးကိုလမ်းပြနိုင်သူ၊ လမ်းညွှန်နိုင်သူ တစ်ယောက်ဖြစ်ဖို့က မလွယ်ကူလှ။

“လမ်းပြကောင်းသူ၊ လမ်းညွှန်ကောင်းသူ” အဖြစ် အများကသတ်မှတ်ပေးလာတဲ့ အမည်နာမ၊ ဂုဏ်ပုဒ်ဖြစ်ဖို့တော့ လိုတာပေါ့။

နည်းပေးလမ်းပြလုပ်ဆောင်နိုင်ရန်မှာ မိမိကိုယ်တိုင်က လောကီပညာအရာ၊ လောကုတ္တရာပညာနှင့် စိတ်နေစိတ်ထားပြည့်ဝနေဖို့ရာက အရေးပါတယ်။ ပညာပြည့်ဝနလုံးလှဖို့လည်း လိုပါတယ်။ အမှန်တကယ် စိတ်စေတနာကောင်းရှိဖို့လည်း အထူးလိုအပ်လှပေတယ်။

လမ်းပြကောင်းသူ၊ လမ်းညွှန်မှုကောင်းသူကို တစ်နည်းအားဖြင့် ဦးဆောင်သူ၊ ခေါင်းဆောင်လို့လည်း သတ်မှတ်ကြပြန်တယ်။ ခေါင်းဆောင်ဆိုရာမှာတော့ အမျိုးမျိုးရှိကြတာပါပဲ။ ဒီနေရာမှာတော့ လမ်းမှန်ကိုရောက်အောင်ညွှန်ပြသူ၊ လမ်းမှန်ကို ဦးဆောင်တဲ့သူဟာ ခေါင်းဆောင်သူပဲပေါ့။ ဆိုပါတော့ ဧည့်လမ်းညွှန်ဆိုရင် ခရီးတစ်ခုသွားရာမှာ သူဟာလမ်းပြသူ၊ လမ်းညွှန်သူ၊ သူသတ်မှတ်တဲ့ စည်းကမ်း၊ သူပြောတဲ့စကားကို လိုက်နာနားထောင်ရမှာဖြစ်တယ်။ ဒါကြောင့် သူဟာ ဒီနေရာတော့ ဦးဆောင်သူ၊ ခေါင်းဆောင်ပါပဲ။

“ခေါင်းဆောင်ဆိုသည်မှာ လမ်းကိုသိသူ တစ်ဦးဖြစ်၏။ သူက ထိုလမ်းအတိုင်းလျှောက်လည်းလျှောက်၏။ လက်အောက်ငယ်သား အသင်းဝင်များ မြင်လောက်အောင် လမ်းညွှန်ပြသူလည်း ဖြစ်၏။ ထိုသူသည် ခေါင်းဆောင်ဖြစ်၏။” ဟု အမေရိကန်စာရေးဆရာ ဂျွန်စီမက်စ်ဝဲလ်(John C. Maxwell) က ရေးသားခဲ့ဖူးကြောင်း မှတ်သားဖူးပါတယ်။ သူဟာ ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး ခေါင်းဆောင်သူတစ်ဦးရဲ့ အရည်အသွေးနဲ့ဆိုင်တဲ့ စာအုပ်တွေရေးသားခဲ့ရာမှာ အုပ်ရေသန်းပေါင်းများစွာရောင်းချရတဲ့ အရောင်းရဆုံးစာရင်းဝင် ကမ္ဘာကျော်စာရေးဆရာတစ်ဦးလည်းဖြစ်တယ်။

မြန်မာနိုင်ငံအနေနဲ့တော့ လမ်းညွှန်သူ၊ လမ်းပြဦးဆောင်မှုပေးခဲ့သူဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပဲဖြစ်တယ်။ အိမ်နီးချင်းနိုင်ငံတွေထဲက အိန္ဒိယနိုင်ငံဆိုရင် မဟတ္တမဂန္ဒီ၊ တရုတ်နိုင်ငံဆိုရင် မော်စီတုံးတို့ပဲဆိုပါတော့။



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမယ့် မောင်အောင်ဆန်းက မောင်တို့ မယ်တို့လို အခြေခံပညာကျောင်းသားအရွယ်လောက်မှာ ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းမှာ တက်ရောက်ပညာသင်ယူနေတဲ့ ကျောင်းသားကလေးပဲပေါ့။ မောင်အောင်ဆန်းရဲ့ ကြိုးစားအားထုတ်မှုကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်ခဲ့တယ်။ ဆယ်ကျော်သက် အရွယ်မှာကတည်းက မောင်အောင်ဆန်းဟာ ပြင်ပစာပေတွေကို များများဖတ်ရှုတယ်။ ပြင်ပစာပေတွေကို များများဖတ်ရှုတဲ့သူဟာ ကျောင်းစာမှာလည်း တော်တာပါပဲလို့ မှတ်ချက်ပြုရမှာပါပဲ။

မြန်မာနိုင်ငံရဲ့ ဦးဆောင်လမ်းပြသူ၊ လမ်းညွှန်မှုပေးခဲ့သူအဖြစ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ပြည်တွင်း၊ ပြည်ပကသာမက တစ်ကမ္ဘာလုံးကပါ သတ်မှတ်ကမ္ပည်းတပ်ခဲ့ကြတာပဲ ဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီး၊ ပြည်ထောင်စုဗိသုကာကြီးအဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့သူလည်းဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင်ကြိုးဆောင်ခဲ့ရာမှာ အဓိကကျတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့တာပဲဖြစ်တယ်။

“တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီးအင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်တယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်မယ်...”

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုပုံစံဖြင့် လွတ်လပ်သောမြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာစေမယ့် သမိုင်းဝင် ပင်လုံညီညွတ်ရေးစာချုပ်ကြီး လက်မှတ်ရေးထိုးကြမယ့်နေ့ အကြို ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညစာစားပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့တဲ့ သမိုင်းဝင်စကားများထဲကဖြစ်ပေတယ်။

ပင်လုံမြို့မှာ တိုင်းရင်းသားခေါင်းဆောင်တွေကို ရိုးသားမှုအခြေခံနဲ့ ဗိုလ်ချုပ်အောင်ဆန်းက ရှင်းလင်းပြောကြားခဲ့တာကို သဘောတူလက်ခံခဲ့ကြတာလည်းဖြစ်တယ်။ ဒါကြောင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတိတိအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ စားပွဲကြီးပေါ်မှာ အသင့်တင်ထားတဲ့ “ပင်လုံစာချုပ်ကြီး”ရှိရာသို့ သွက်လက်စွာလျှောက်သွားပြီး “ပတ်ကားအမျိုးအစားဖောင်တိန်အဟောင်း” ကို ထုတ်ယူကာ မြန်မာပြည်မ ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် ထိပ်ဆုံးမှလက်မှတ်ရေးထိုးလိုက်ပြီးနောက်မှာ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၂၂ ဦးတို့ဟာ အစီအစဉ်အတိုင်း လက်မှတ်ရေးထိုးလိုက်ကြတာပဲဖြစ်တယ်။

တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်ခေါင်းဆောင်များဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်မှုကို လက်ခံကာ ပြည်ထောင်စုပုံစံနဲ့ လွတ်လပ်တဲ့ သမ္မတနိုင်ငံတော်သစ်ကိုတည်ထောင်ပေးခဲ့ကြတာဟာ ယခုနှစ် ၂၀၂၂ ခုနှစ်မှာ (၇၅) နှစ်မြောက် စိန်ရတုကာလကိုပင် ရောက်ရှိတည်တံ့နိုင်ပြီလည်းဖြစ်ပေတယ်။ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖို့ရာ မောင်တို့မယ်တို့ လူငယ်လူရွယ်မျိုးဆက်သစ်တွေအပါအဝင် တိုင်းရင်းသားသွေးချင်းအားလုံးက စည်းလုံးညီညွတ်စွာနဲ့ တွဲလက်ခိုင်ခိုင်မြဲကြရမှာ ဖြစ်တယ်ကွယ့်။

ဒါကြောင့် ပြည်ထောင်စုကြီးကို တည်ထောင်မှုပြုပေးခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်ခေါင်းဆောင်များဟာ ဦးဆောင်လမ်းပြသူ၊ လမ်းညွှန်မှုပေးသူများအဖြစ် မွန်မြတ်တဲ့ သမိုင်းကောင်းအမွေများ ချန်ထားပေးခဲ့ကြတယ်။ ဒီလိုကောင်းမြတ်တဲ့အမွေကို တည်တံ့ခိုင်မြဲဖို့ မောင်တို့မယ်တို့ မျိုးဆက်သစ်လူငယ်လူရွယ်တွေက လက်ဆင့်ကမ်းတာဝန်ယူကြရမှာလည်း ဖြစ်ပေတယ်။

အဲဒီလ၊ အဲဒီအချိန် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ (၃၂) နှစ်တင်းတင်းပြည့်တဲ့မွေးနေ့ဖြစ်ပေမယ့် ကိုယ်ရေးကိုယ်တာကို အလေးမပေးဘဲ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အရေးကို ဦးစားပေးတဲ့ ဦးဆောင်သူ၊ ခေါင်းဆောင်ကောင်းတို့ရဲ့စွမ်းရည်နဲ့ ပြည့်ဝတဲ့ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သမိုင်းဝင်သက်သေတစ်ခုပဲပေါ့ကွယ်။ အသက်အရွယ် (၃၂) နှစ်သာရှိသေးပေမယ့် အမြော်အမြင်ကြီးမားမှု၊ မျိုးချစ်စိတ်ထက်သန်မှု၊ အများယုံကြည်လေးစားမှု၊ ရိုးသားဖြူစင်မှု၊ ကိုယ်ကျိုးမဖက် အနစ်နာခံတတ်မှု၊ ရည်မှန်းချက်ထားဖြောင့်ဖြောင့်သွားကာ မဆုတ်မနစ်ကြိုးစားအားထုတ်မှုတို့နဲ့ ပြည့်စုံတဲ့အတွက် မြန်မာ့လွတ်လပ်ရေးကိုရယူနိုင်ကာ တိုင်းရင်းသားအားလုံးပါဝင်တဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်တဲ့အထိ ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိအောင်မြင်ခဲ့တာဖြစ်ပေတယ်။

လမ်းညွှန်သူ၊ လမ်းပြဦးဆောင်သူ ဖြစ်ချင်သလား။

မောင်တို့မယ်တို့ မျိုးဆက်သစ်လူငယ် လူရွယ်တွေအနေနဲ့ အခွင့်အလမ်းတွေအများကြီးရှိနေတာပါပဲ။ ရိုးသားစွာကြိုးစားရင်၊ ပြည်တွင်း၊ ပြည်ပက စံနမူနာထားပုဂ္ဂိုလ်ကြီးများကို အားကျအတုယူကာ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်တဲ့ လမ်းညွှန်သူ၊ လမ်းပြဦးဆောင်သူဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

❍ စာမျက်နှာ ၂၀ မှ

ထိုယုံကြည်မှုကြောင့် စိတ်စွမ်းအား၊ စိတ်တန်ခိုးတို့ကို ပွံ့ပိုးတွန်းအားဖြစ်စေပြီး “ဖြစ်ကိုဖြစ်ရမည်။ ရကိုရရှိရမည်။ အောင်မြင်မှုကြီးကြီးမားမားဖြင့် အောင်မြင်ကို အောင်မြင်ရမည်”ဟူသည့် တစ်ထစ်ချစိတ်ပိုင်းဖြတ်မှုမျိုးကို ရဲရဲဝံ့ဝံ့ ချမှတ်နိုင်ပေမည်။ ယင်းတို့သည် မိမိကိုယ်မိမိ စွမ်းဆောင်နိုင်မှု၊ မိမိစိတ်ကိုဦးဆောင်နိုင်မှု၊ မိမိစိတ်ကို ထိန်းချုပ်လွှမ်းမိုးနိုင်မှုအစွမ်းအစတို့က ဖြစ်တည်လာရခြင်းဖြစ်ကာ ဤသို့ မိမိ၏ယုံကြည်မှု၊ ထက်မြက်မှုစွမ်းအားကို လုပ်ငန်းခွင်မှ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုဝင်များကိုပါ ရဲဝံ့ပြတ်သားစွာလှုံ့ဆော်စည်းရုံးနိုင်မည်ဖြစ်သည်။

သို့ဖြစ်လျှင် ယုံကြည်မှုတို့ကူးစက်သွားပေမည်။

စိတ်ဓာတ်နိုးကြွမှုတို့ ကူးစက်သွားပေမည်။

စိတ်အားထက်သန်မှုတို့ တစ်ဦးချင်းစီသို့ စီးဆင်းကူးစက်သွားမည်လည်းဖြစ်ပေသည်။

“စိတ်ဓာတ်မြှင့်တင်အားပေးခြင်းသည် ဘဝတွင် တိကျသောရည်မှန်းချက်ပန်းတိုင်များကို ရရှိအောင်မြင်လိုသော အတိုင်းအဆမရှိပြင်းပြသောဆန္ဒပင်ဖြစ်သည်” ဟူ၍ စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီက ပြောကြားထားမှုသည် တန်ဖိုးရှိသော စကားတစ်ရပ်ပင်ဖြစ်သည်။

“သင့်ကို ချမ်းသာကြွယ်ဝလိုစိတ်ရှိအောင် နိုးကြားတက်ကြွထက်သန်နေရမည်” ဟူ၍လည်း အဆိုပါစာရေးဆရာက အတိအလင်းပြောကြားထားပေရာ ယင်းတို့ကို လိုက်နာကျင့်ဆောင်လုပ်ကိုင်ခြင်းအားဖြင့် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို မလွဲမသွေရရှိလာမည်ဖြစ်ပေတော့သည်။ ။

# သင့်အတွေးများ ခုန်ပါစေ

အောင်မြတ်စည်သူ

သင်သည် ဘတ်စကက်ဘောကစားသောကလေးများကို နည်းပြလုပ်ခဲ့ဖူးလျှင်လည်းကောင်း၊ သူတို့နှင့်အလုပ်လုပ်ခဲ့ဖူးလျှင်လည်းကောင်း သူတို့အများစုသည် ဘောလုံးကို လက်တစ်ဖက်တည်း၊ သူတို့သန်ရာ လက်တစ်ဖက်တည်းဖြင့် ပုတ်ကစားလေ့ရှိတတ်သည်ကို သိပါလိမ့်မည်။

ကလေးတစ်ယောက် ဤသို့ပြုလုပ်နေသည်ကို သင်သတိပြုမိပါက ထိုကလေးကို ဘေးသို့ခေါ်၍ ‘ဘီလီ…မင်းဟာ အမြဲတမ်း လက်တစ်ဖက်တည်းနဲ့ ဘောလုံးကို ပုတ်ကစားနေတော့ ခံစစ်သမားက မင်းအဲဒီလိုလုပ်တာကို လွယ်လွယ်ကူကူကာကွယ်နိုင်တယ်။ မင်းမှာ တခြားရွေးချယ်စရာလမ်းတွေ ပြတ်တောက်သွားတယ်။ မင်း…ဘယ်သွားမယ်ဆိုတာကို သူမသိအောင် မင်း တခြားလက်တစ်ဖက်နဲ့လည်း ပုတ်ကစားတတ်ဖို့လိုတယ်’ဟု ပြောလိုက်သည်။

ဤအခါတွင် ဘီလီက သူ၏မသန်သောလက်ဖြင့် ဘောလုံးကိုပုတ်ကစားသောအခါတွင် ဘောလုံးက ဘယ်ဘက်သို့ခုန်တက်သွားကြောင်း လက်တွေ့ပုတ်ပြပေလိမ့်မည်။ သို့ဖြင့် သူမတတ်နိုင်ဟု စိတ်ထဲတွင် စွဲမြဲနေသည်။

ထိုအခါ သူထက်ထက်သန်သန်လေ့ကျင့်လိုသောဆန္ဒရှိပါလျှင် သူ၏အခြားလက်လည်း ဘောလုံးကို ပုတ်ကစားနိုင်ကြောင်း ဘီလီကိုရှင်းပြသည်။ ဘောလုံးများများပုတ်သည့်ကိစ္စမျှသာဖြစ်သည်။ ရိုးရိုးစင်းစင်းအကျင့်မွေးခြင်းမျှသာဖြစ်သည်။ နောက်လက်တစ်ဖက်ဖြင့် လုံလုံလောက်လောက် လေ့ကျင့်မှုပြုပြီးနောက်တွင်မူ သင့်စကားမှန်ကန်ကြောင်း ဘီလီသိလာပေမည်။

ကျွန်တော်တို့စိတ်ကို လွှမ်းမိုးနေသောအတွေးများကို ပြုပြင်ပြောင်းလဲရာတွင်လည်း ဤနိယာမမှန်ကန်သည်။ ကျွန်တော်တို့၏ ပဓာနအတွေးများက အဆိုးမြင်ရှိနေပါလျှင် ကျွန်တော်တို့အခြားလက်တစ်ဖက်ဖြင့် ဘောလုံးပုတ်လိုက်ရန်သာလိုသည်။ တစ်နည်း သဘာဝအတိုင်း ရှောရှောရှူရှူတွေးမြင်နေသည်ဟု ခံစားမိသည်အထိ အကောင်းမြင်အတွေးများ တွေးရန်သာဖြစ်သည်။

(နပိုလီယံဟီးလ်ဖြင့် ကျွန်တော်အစပြုခဲ့သော ကျွန်တော့် ကိုယ်ထူကိုယ်ထ ဘဝတိုးတက်ရေးခရီးကို မစတင်မီ) တစ်စုံတစ်ယောက်က ကျွန်တော့်ကို မည်သည့်အတွက်ကြောင့် ပို၍ရည်မှန်းချက်ဓောင်းပေးမှုနှင့် အကောင်းမြင်မှုရှိအောင် မကြိုးစားခဲ့သနည်းဟု မေးမြန်းခဲ့ပါလျှင် ကျွန်တော်က ‘ကျွန်တော်မတတ်နိုင်ဘူး။ ကျွန်တော့်သဘာဝက အဲဒီလိုမဟုတ်ဘူး။ ဘယ်လိုလုပ်ရမှန်း ကျွန်တော်မသိဘူး’ဟုပင် ဆိုမိခဲ့ပေမည်။ သို့သော် ‘ကျွန်တော်လုပ်မကြည့်ရသေးဘူး’ဟုဆိုခဲ့ပါလျှင် ကျွန်တော့်အတွက် ပို၍ တိကျမှန်ကန်ခဲ့ပေလိမ့်မည်။

တွေးတောစဉ်းစားခြင်းသည် ဘက်စကတ်ဘောလုံးကို ပုတ်ကစားခြင်းနှင့် အသွင်တူသည်။ တစ်ဖက်တွင် ကျွန်တော်သည် မကောင်းမြင်အတွေးဖြင့် ထိုဘက်ကို တည်နိုင်သည်။ (ထိုအတွေးအမြင်များကို အထပ်ထပ်ပုတ်နေခြင်းမျှသာဖြစ်သည်) တခြားတစ်ဖက်တွင်မူ ကျွန်တော်သည် တစ်ချိန်တွင် အတွေးတစ်ရပ် အကောင်းမြင်စွာတွေး၍ ထိုအကျင့်ကို တည်နိုင်သည်။ ကိုယ့်ကိုယ်ကိုယ် မြှင့်တင်မှုသည် မိမိမည်မျှအတိုင်းအတာအထိ ကွပ်ကဲခွင့်ရချင်သနည်းဆိုသည့်ကိစ္စပင်ဖြစ်သည်။

ကျွန်တော်တို့လူသားများသည် တစ်နေ့တာတွင် အတွေး ၄၅၀၀၀ တွေးသည်ဟု တစ်နေရာတွင် ကျွန်တော်ဖတ်ရှုခဲ့ဖူးသည်။ ထိုကိန်းဂဏန်း တိကျမှန်ကန်သည်ဟု ကျွန်တော်မဆိုသာပါ။

အဘယ်ကြောင့်ဆိုသော် အတွေးကိုးခု(သို့မဟုတ်) ၁၀ ခုထက် ပိုရှိပုံမရသောသူတချို့ကို ကျွန်တော်သိပါသည်။ သို့သော် ကျွန်တော်တို့အတွေး ၄၅၀၀၀ မျှရှိတတ်သည်ဆိုသည့်အချက် မှန်ကန်ပါလျှင် မကောင်းအတွေးတစ်ခုကို ပြောင်းပြန်လှန်ရန် မည်မျှစိတ်ရှည်ရသည်ကို တွက်ဆနိုင်ပါသည်။

ဦးနှောက်ကို သုံး လေး ငါး အကောင်းမြင် ပုတ်ကစားချက်များဖြင့် ပုံစံတစ်ခုလုံးပြောင်း၍မရချေ။ သင်သည်အကောင်းမြင်သူဖြစ်ပါက သင်၏ဇီဝကွန်ပျူတာတစ်ခုလုံးတွင် ထိုအနေအထားကို ဓောင်းပေးလျက်သာရှိသည်။ သို့သော် ပုံစံသစ်တစ်ခုပေါ်ပေါက်ရန် မကြာတတ်ချေ။ ကျွန်တော်ကိုယ်တိုင် တစ်ချိန်က မကောင်းမြင်သမားဖြစ်ခဲ့သည်နှင့်အညီ ပြောင်းလဲမှုသည် နှေးနှေးပေမယ့် မလွဲမသွေမုချဖြစ်လာလေ့ရှိသည်ဟု ပြောချင်ပါသည်။ သင် ပြောင်းလဲပါသည်။ တစ်ကြိမ်တွင် အတွေးတစ်ခုကျ မုချပြောင်းလဲပါသည်။

သင့်အတွေးကို ဤဘက်သို့ ခုန်စေစွမ်းလျှင် ထိုဘက်သို့လည်း ခုန်စေနိုင်သည်ပင်။

Ref: Let your thoughts jump by Steve Chandler

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## နေပြည်တော်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးများလစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ပါသည်-

| စဉ် | တက္ကသိုလ် | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| (၁) | ရန်ကုန်နည်းပညာတက္ကသိုလ် | ၁။ မက္ကာထရောနစ်အင်ဂျင်နီယာ ၂။ သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံ ၃။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၄။ ရေနံအင်ဂျင်နီယာ ၅။ ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ ၆။ ဗိသုကာ ၇။ ဓာတုအင်ဂျင်နီယာ ၈။ သင်္ချာ ၉။ မြန်မာစာ |
| (၂) | မန္တလေးနည်းပညာတက္ကသိုလ် | ၁။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၂။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၃။ နျူးကလီးယားနည်းပညာအင်ဂျင်နီယာ ၄။ ဗိသုကာ ၅။ ဘူမိဗေဒ ၆။ ဓာတုအင်ဂျင်နီယာ ၇။ သင်္ချာ ၈။ ဓာတုဗေဒ |
| (၃) | ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ သုတနည်းပညာအင်ဂျင်နီယာ ၄။ ဗိသုကာ ၅။ ဘူမိဗေဒ ၆။ သင်္ချာ ၇။ ရူပဗေဒ ၈။ မြန်မာစာ ၉။ အင်္ဂလိပ်စာ |
| (၄) | နည်းပညာတက္ကသိုလ်(သန်လျင်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ မက္ကာထရောနစ်အင်ဂျင်နီယာ ၄။ ရေနံအင်ဂျင်နီယာ ၅။ သုတနည်းပညာအင်ဂျင်နီယာ ၆။ ဗိသုကာ ၇။ ဘူမိဗေဒ ၈။ သင်္ချာ ၉။ ရူပဗေဒ ၁၀။ မြန်မာစာ |
| (၅) | နည်းပညာတက္ကသိုလ်(မှော်ဘီ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ သုတနည်းပညာအင်ဂျင်နီယာ ၆။ ဗိသုကာ ၇။ ဘူမိဗေဒ ၈။ သင်္ချာ ၉။ မြန်မာစာ ၁၀။ အင်္ဂလိပ်စာ |
| (၆) | နည်းပညာတက္ကသိုလ်(မန္တလေး) | ၁။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၂။ မက္ကာထရောနစ်အင်ဂျင်နီယာ ၃။ ရေနံအင်ဂျင်နီယာ ၄။ ဗိသုကာ ၅။ ဘူမိဗေဒ ၆။ မြန်မာစာ ၇။ ဓာတုဗေဒ |
| (၇) | ပြည်နည်းပညာတက္ကသိုလ် | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ |
| (၈) | မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် | ၁။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ ဓာတုအင်ဂျင်နီယာ ၆။ လေကြောင်းအင်ဂျင်နီယာ ၇။ အင်္ဂလိပ်စာ |
| (၉) | နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) | ၁။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ အဆင့်မြင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာ ၄။ သင်္ချာ ၅။ မြန်မာစာ ၆ ။ ဓာတုဗေဒ |
| (၁၀) | နည်းပညာတက္ကသိုလ်(မအူပင်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၁၁) | နည်းပညာတက္ကသိုလ်(ပုသိမ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ |
| (၁၂) | နည်းပညာတက္ကသိုလ်(ဟသ်ာတ) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ |
| (၁၃) | နည်းပညာတက္ကသိုလ်(ကျောက်ဆည်) | ၁။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ သုတနည်းပညာအင်ဂျင်နီယာ ၆။ နျူးကလီးယားနည်းပညာအင်ဂျင်နီယာ ၇။ ရူပဗေဒ ၈။ မြန်မာစာ ၉။ အင်္ဂလိပ်စာ ၁၀။ ဓာတုဗေဒ |
| (၁၄) | နည်းပညာတက္ကသိုလ်(တောင်ငူ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ ဓာတုဗေဒ |
| (၁၅) | နည်းပညာတက္ကသိုလ်(စစ်ကိုင်း) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ ဓာတုဗေဒ ၄။ ဘူမိဗေဒ ၅။ အင်္ဂလိပ်စာ |
| (၁၆) | နည်းပညာတက္ကသိုလ်(မော်လမြိုင်) | ၁။ ဘူမိဗေဒ |
| (၁၇) | နည်းပညာတက္ကသိုလ်(မကွေး) | ၁။ မက္ကာထရောနစ်အင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ |
| (၁၈) | နည်းပညာတက္ကသိုလ်(မုံရွာ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ ၆။ သုတနည်းပညာအင်ဂျင်နီယာ ၇။ အင်္ဂလိပ်စာ ၈။ ဓာတုဗေဒ |
| (၁၉) | နည်းပညာတက္ကသိုလ်(မိတ္ထီလာ) | ၁။ မြန်မာစာ |
| (၂၀) | နည်းပညာတက္ကသိုလ်(ပခုက္ကူ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ |
| (၂၁) | နည်းပညာတက္ကသိုလ်(တောင်ကြီး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၃။ သုတနည်းပညာအင်ဂျင်နီယာ ၄။ ဘူမိဗေဒ ၅။ သင်္ချာ ၆။ မြန်မာစာ ၇။ ဓာတုဗေဒ |
| (၂၂) | နည်းပညာတက္ကသိုလ်(ဘားအံ) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ ၄။ မြန်မာစာ |
| (၂၃) | နည်းပညာတက္ကသိုလ်(လားရှိုး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၂၄) | နည်းပညာတက္ကသိုလ်(ပင်လုံ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ ဘူမိဗေဒ ၅။ သင်္ချာ ၆။ မြန်မာစာ |
| (၂၅) | နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ |
| (၂၆) | နည်းပညာတက္ကသိုလ်(ထားဝယ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ သင်္ချာ ၅။ မြန်မာစာ ၆။ အင်္ဂလိပ်စာ |
| (၂၇) | နည်းပညာတက္ကသိုလ်(လှိုင်ကော်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ |
| (၂၈) | နည်းပညာတက္ကသိုလ်(မြိတ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၄။ စက်မှုအင်ဂျင်နီယာ ၅။ သင်္ချာ ၆။ မြန်မာစာ ၇။ အင်္ဂလိပ်စာ |
| (၂၉) | နည်းပညာတက္ကသိုလ်(ဗန်းမော်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ |
| (၃၀) | နည်းပညာတက္ကသိုလ်(ကလေး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ သင်္ချာ ၅။ မြန်မာစာ |
| (၃၁) | နည်းပညာတက္ကသိုလ်(စစ်တွေ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ မြန်မာစာ |
| (၃၂) | နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၄။ စက်မှုအင်ဂျင်နီယာ ၅။ သင်္ချာ ၆။ အင်္ဂလိပ်စာ |
| (၃၃) | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ မြန်မာစာ |
| (၃၄) | မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ မြန်မာစာ |
| (၃၅) | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ သင်္ချာ |
| (၃၆) | မန္တလေးကွန်ပျူတာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၃၇) | ကွန်ပျူတာတက္ကသိုလ်(မန္တလေး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၃၈) | ကွန်ပျူတာတက္ကသိုလ်(ပြည်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ အင်္ဂလိပ်စာ |
| (၃၉) | ကွန်ပျူတာတက္ကသိုလ်(မအူပင်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၄၀) | ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) | ၁။ အင်္ဂလိပ်စာ |
| (၄၁) | ကွန်ပျူတာတက္ကသိုလ်(ပုသိမ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ |
| (၄၂) | ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၄၃) | ကွန်ပျူတာတက္ကသိုလ်(သထုံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ အင်္ဂလိပ်စာ |
| (၄၄) | ကွန်ပျူတာတက္ကသိုလ်(ဘားအံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ |
| (၄၅) | ကွန်ပျူတာတက္ကသိုလ်(မုံရွာ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၄၆) | ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ အင်္ဂလိပ်စာ |
| (၄၇) | ကွန်ပျူတာတက္ကသိုလ်(မကွေး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ အင်္ဂလိပ်စာ |
| (၄၈) | ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၄၉) | ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၅၀) | ကွန်ပျူတာတက္ကသိုလ်(လားရှိုး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၅၁) | ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်) | ၁။ ကွန်ပျူတာနည်းပညာ ၂။ အင်္ဂလိပ်စာ |
| (၅၂) | ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၅၃) | ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၅၄) | ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား) | ၁။ အင်္ဂလိပ်စာ ၂။ ကွန်ပျူတာသိပ္ပံ |
| (၅၅) | ကွန်ပျူတာတက္ကသိုလ် (မြိတ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ |
| (၅၆) | ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ |
| (၅၇) | ကွန်ပျူတာတက္ကသိုလ်(ကလေး) | ၁။ ကွန်ပျူတာနည်းပညာ ၂။ အင်္ဂလိပ်စာ |
| (၅၈) | ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) | ၁။ ကွန်ပျူတာသိပ္ပံ |
| (၅၉) | ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) | ၁။ အင်္ဂလိပ်စာ |

၂။ လျှောက်ထားသူသည်

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

( ခ ) ပါရဂူဘွဲ့/ မဟာသုတေသနဘွဲ့/မဟာဘွဲ့/အင်ဂျင်နီယာဘွဲ့(B.E/B.Arch) ရရှိပြီးသူများ၊ ကွန်ပျူတာဘွဲ့ရရှိပြီးသူများ [B.C.Sc(Hons), B.C.Tech(Hons), B.C.Sc, B.C.Tech] (Grading Point ၆၀% နှင့်အထက်)နှင့် B.A(Hons;)(English) (Grading Point ၆၀% နှင့်အထက်)ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

( ဂ ) ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက်(၄၄)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက်(၃၉)နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက်(၃၇)နှစ်ထက် မကျော်လွန်သူ၊ B.E/B.Arch ဘွဲ့နှင့် အခြားဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက် (၃၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အနည်းဆုံး လုပ်သက်(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်များတွင် အခမဲ့ရယူနိုင်ပြီး (၂၈-၂-၂၀၂၂) ရက်နေ့ (တနင်္လာနေ့) အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်။

၄။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနသို့ မိတ္တူဖြင့် (၂၈-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ်/ထောက်ခံစာ(မိတ္တူ)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာ(မူရင်း)၊ အိမ်ထောင်စုစာရင်း (မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ ထောက်ခံစာ(မူရင်း)ကို ပူးတွဲတင်ပြရမည်။ [လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား(မူရင်း)များ တစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။]

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၈။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၉။ ရေးဖြေနှင့် လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား မိမိလျှောက်ထားသော တက္ကသိုလ်များတွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၀-၃-၂၀၂၂)ရက်နေ့တွင် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေနှင့် လူတွေ့စာမေးပွဲစစ်ဆေးခြင်းကို မိမိလျှောက်ထားသည့်တက္ကသိုလ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် (ရေးဖြေ) | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၁၁-၃ -၂၀၂၂ )ရက်နေ့၊ နံနက် (၉:၀၀) နာရီ မှ (၁၀:၀၀) နာရီထိ |
| ( ခ ) | အင်္ဂလိပ်စာ | (၁၁-၃ -၂၀၂၂ )ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ မှ (၁၁:၀၀) နာရီထိ |
| ( ဂ ) | အထွေထွေဗဟုသုတ | (၁၁-၃ -၂၀၂၂ )ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ မှ (၁၂:၀၀) နာရီထိ |

၁၁။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၂- ၃-၂၀၂၂)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ အုပ်ချုပ်မှုနှင့်လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၄၂၆၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

**အသုံးမလိုတော့သော လေအေးပေးစက်များ ဝယ်ယူလိုပါသည်။**
09 25 35 82510

**ဖခင်အမည်မှန်**
တပ်ကုန်းမြို့၊ အ.ထ.က(၁)၊ အဋ္ဌမတန်း (A-2)မှ မထက်ထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း [၉/တကန(နိုင်)၀၀၆၉၀၄] ဖြစ်ပါကြောင်း။
**ဦးမြင့်သိန်း**

**ဖခင်အမည်မှန်**
တပ်ကုန်းမြို့၊ အ.ထ.က(၁)၊ အဋ္ဌမတန်း (A-2)မှ မမိုးပပလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် [၉/တကန(နိုင်) ၁၁၁၈၂၆]ဖြစ်ပါကြောင်း။
**ဦးဝင်းဇော်**

**ဖခင်အမည်မှန်**
တပ်ကုန်းမြို့၊ အ.ထ.က(ညောင်လွန့်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ခိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ဖံ့ [၁၁/ပတန(နိုင်) ၁၅၄၂၀၄]ဖြစ်ပါကြောင်း။
**ဦးထွန်းအောင်ဖံ့**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အ.ထ.က (ရေစို-မငေးစု) ကျောင်းမှ နဝမတန်း(Grade-10) ကျောင်းသား မောင်လင်းထက်၏ဖခင်အမည်မှန်မှာ ဦးဟံကြည်ဝင်း ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အ.မ.က (၁)ကျောင်းမှ စတုတ္ထတန်းကျောင်းသူ မနွေယွန်းအိမ်၏ ဖခင် ဦးကျော်ဆန်းဝင်း(ခ) ဦးခင်မောင်ထွန်းသည် တစ်ဦးတည်းဖြစ်ကြောင်း။

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ မြေကွက်များဝယ်လိုသည်၊ အိမ်အရောက်ငွေချေသည်၊
09-43118200
09-450096155

**“ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”**
ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၇၂၉)၊ မြေကွက်တည်နေရာအမှတ်(၇၂၉)၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစံအေး (TRY-၀၈၉၂၀၉) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးစံအေး ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်မြရွှေ [၁၂/ရကန(နိုင်)၀၂၂၀၂၃]မှ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သားအဖြစ်မှ**
**အမွေပြတ်စွန့်လွှတ်ခြင်း**
ကျွန်တော် ဦးစိုးသိန်း[၁၂/ပဇတ(နိုင်)၀၁၃၅၅၆]နှင့် ဒေါ်သန်းသန်းအေး [၁၂/သလန(နိုင်)၀၅၀၁၇၆]တို့၏ သားဖြစ်သူ မောင်စိုးမိုးကျော်[၁၂/သလန(နိုင်) ၁၁၄၆၄၃]သည် မိဘများ၏ ဆိုဆုံးမမှုအား နာခံမှုမရှိခြင်း၊ ခွင့်မလွှတ်နိုင်သည့် အပြုအမူများအား အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘဝတ္တရားကျေပွန်စွာဆောင်ရွက်ပေးမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
**ဦးစိုးသိန်း-ဒေါ်သန်းသန်းအေး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ဆွေ(လူဝင်မှုကြီးကြပ်ရေးမှူး)
## အသက်(၅၉)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စီမံကိန်း၊ စာရင်းအင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဌေး၏ဇနီးဖြစ်သူ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနမှ ဒေါ်ခင်ခင်ဆွေ(လူဝင်မှုကြီးကြပ်ရေးမှူး)သည် ၇-၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ဆွေ(လူဝင်မှုကြီးကြပ်ရေးမှူး)
## အသက်(၅၉)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ စီမံကိန်း၊ စာရင်းအင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်ဌေး၏ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဆွေ(လူဝင်မှုကြီးကြပ်ရေးမှူး)သည် ၇-၂-၂၀၂၂ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးရုံး**
**စီမံကိန်း၊ စာရင်းအင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနမှ**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကျင်
## အသက်(၈၆)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်-ဒေါ်ဝင်းမင်းသန်းတို့၏ မိခင်ဖြစ်သူ ဒေါ်မြကျင် အသက်(၈၆)နှစ်သည် ၅-၂-၂၀၂၂ (စနေနေ့) ည ၇:၄၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဌေး၊ ဒေါ်ခင်စန်းမြင့်**
**နေပြည်တော်**

## ဦးကျော်ဝင်း(Henry)
### ဌာနမှူး(ငြိမ်း)၊ ရေနံ
## အသက်(၇၇)နှစ်

မန္တလေးမြို့၊ မြောက်ပြင်နေ [ဦးခင်မောင်ကြီး (ရဲမှူး-ငြိမ်း)-ဒေါ်မမကြီး] တို့၏သားကြီး၊ [ဦးပြုံး (ရဲမင်းကြီး-ငြိမ်း၊ သတင်းတပ်ဖွဲ့)-ဒေါ်ခင်မြင့်]တို့၏ သားသမက်၊ ဗိုလ်တထောင်မြို့နယ်၊ ၄၄လမ်း၊ အမှတ်-၇၄နေ ဒေါ်ခင်မမ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သီဟ(Gewin)-ဒေါ်နန့်စမ်းမြင့်လှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်သူရကျော်သူ၏ ချစ်လှစွာသောအဘိုး၊ (ဒုတိယဗိုလ်မှူးကြီးဇေယျာလင်း)-ဒေါက်တာခင်စန်းဝင်း၊ ဒေါ်သန်းသန်းဌေး(ပါမောက္ခ-ငြိမ်း)တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၇-၂-၂၀၂၂ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၂-၂၀၂၂ (တနင်္ဂနွေနေ့)တွင် ရက်လည်တရားတော်နာမည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ငယ်(ခ) ဒေါ်ငယ်ငယ်မာ (ခ)ခတီဇာဘီ
### စာရင်းစစ်ချုပ်ရုံး(ငြိမ်း)၊ (B.Com)၊ စာကြည့်တိုက်မှူးရုံး(ငြိမ်း)
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆)၊ ၁၄ လမ်းနေ [ဦးရှား(ကြိုးစက်)-ဒေါ်အမာ] တို့၏သမီး၊ (ဦးထွန်းမြင့်-ဒေါ်ခင်မာကြည်)၊ (ဒေါ်ရီရီမာ)၊ (ဦးသန်းစိန် - ဒေါ်ညိုညိုတင်) တို့၏ ညီမ၊ ဒေါ်နီနီမာ၊ (ဒေါ်နုနု)၊ (ဦးသန်းရွှေ)၊ (ဦးသန်းထွန်း)၊ ဒေါ်ခင်ထွေးရီ (အ.ထ.က -၂၊ လသာ -ငြိမ်း)တို့၏အစ်မ ဒေါ်ငယ်ငယ်မာသည် ၇-၂-၂၀၂၂ ရက် နံနက် ၂:၃၀ နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေး ကဗ္ဗာလ်စတန်တွင် ဇိုဟိုရ်အပြီးအချိန်၌ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုံးရှင်
## အသက်(၉၁)နှစ်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်-ဒေါက်တာမြင့်မြင့်ခိုင် (တွဲဖက်ပါမောက္ခ၊ စစ်ကိုင်းပညာရေးကောလိပ်)တို့၏ ချစ်လှစွာသောမိခင် ဒေါ်အုံးရှင်သည် ၇-၂-၂၀၂၂ (တနင်္လာနေ့) နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ စက်စဲရွာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမေ
## အသက်(၉၁)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ ဦးစိုင်းသော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါ်ဥမ္မာနေထွန်းတို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်သန်းမေ အသက်(၉၁)နှစ်သည် ၆-၂-၂၀၂၂ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမေ(ကလောမြို့)
## အသက်(၉၁)နှစ်

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသော်ဝင်း - ဒေါ်ဥမ္မာနေထွန်းတို့၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်သန်းမေ အသက်(၉၁)နှစ်သည် ၆-၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန် အနိစ္စရောက်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမေ
## အသက်(၉၁)နှစ်

သူငယ်ချင်း ဦးစိုင်းသော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါ်ဥမ္မာနေထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်ဖြစ်သည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နေ ဒေါ်သန်းမေ အသက်(၉၁)နှစ်သည် ၆-၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ကြည်း ၂၇၀၂၇ ဗိုလ်ကြီးမောင်မောင်မြတ်(ငြိမ်း) မော်လမြိုင်မြို့
### (YOC-43)
### BE(EP)1984-93
## အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးချမ်းစိန်)-ဒေါ်ညွန့်ဝေတို့၏သားကြီး၊ ရခိုင် ပြည်နယ်၊ စစ်တွေမြို့နေ (ဦးထွန်းရွှေမောင်-ဒေါ်ဖြူဖြူ)တို့၏သားသမက်၊ ဗိုလ်မှူးမောင်မောင်လတ်(ငြိမ်း)၊ ဦးညီညီထွေး၊ ဦးမောင်မောင်သိုက်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ ဗျိုင်းရေအိုးစင် ကွက်သစ်ရပ်ကွက်၊ အမှတ်(၂၀)၊ (၃)လွှာနေ မစောမာလာထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အဲဖရတ်ထွန်း၏ ချစ်လှစွာသောဖခင် ဗိုလ်ကြီး မောင်မောင်မြတ်(ငြိမ်း)သည် ၇-၂-၂၀၂၂(တနင်္လာနေ့) နံနက် ၉:၂၅ နာရီတွင် တာမွေမြို့နယ် သျှင်ပါကူဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၉-၂-၂၀၂၂ ရက် မွန်းလွဲ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြ (ကထိက-ငြိမ်း)
### အရှေ့တိုင်းပညာဌာန၊ ရန်ကုန်
## အသက်(၈၄)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ပုလုပ်တောင်ရပ်နေ (ဦးစောလှအောင်-ဒေါ်အေးကျော့)တို့၏သမီး၊ (ဒေါ်စန်းရင်)၏ညီမ၊ (ဦးကျော်သောင်း)၊ ဦးတင်မောင်(ရဲအုပ်-ငြိမ်း)၊ ဦးလွန်းမောင် (က.ပ.ရ-ငြိမ်း)၊ ဒေါ်ခင်ခင်တင့် [ဌာနခွဲမှူး(ငြိမ်း)၊ စက်မှု(၁)]တို့၏အစ်မသည် ၇-၂-၂၀၂၂ ရက်တွင် နေပြည်တော် အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်ဆွေ
### လူဝင်မှုကြီးကြပ်ရေးမှူး၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန
## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးသန်းမောင်)-ဒေါ်စန်းရင်တို့၏သမီး၊ ဦးဟန်ဌေး-ဒေါ်စန်းစန်းတင်၊ ဦးခင်မောင်လတ်- ဒေါ်ခင်ဝေပြုံး၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းဝင်းတို့၏အစ်မ၊ ဦးခင်ဌေး (လက်ထောက်အတွင်းဝန်၊လဝက ဝန်ကြီးရုံး)၏ဇနီး၊ မမို့မို့ခင်ဌေး (ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်)၊ မောင်ရဲရင့်သူ(B.Agr.Sc)၊ မသဲဆုနန္ဒာဌေး [တတိယတန်း-က၊ အထက(၅)၊ နေပြည်တော်]တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၇-၂-၂၀၂၂(တနင်္လာနေ့) နံနက် ၈နာရီတွင် နေပြည်တော်ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဇင်မာအောင်
### လက်ထောက်ညွှန်ကြားရေးမှူး
### ဝန်ထမ်းရေးရာဦးစီးဌာန
## အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်နေ ဦးမင်းဇော်ထွန်း-ဒေါ်တင်ဇာအောင်၊ ဦးနေဖြိုးအောင်တို့၏ အစ်မ၊ သား မောင်မင်းခန့်ကျော်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ဇင်မာအောင်သည် ၅-၂-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် နေပြည်တော်၊ ဘောဂသိဒ္ဓိဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသောကြောင့် ၇-၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျွေ့ကြီးသုသာန်၊ နေပြည်တော်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၂၂ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ တိုက်အမှတ်(၁၃၉)၊ အခန်း(၀၁)၊ သီတဂူလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်သို့ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၂-လမ်း၊ အမှတ်(၄၂)၊ ၄-လွှာဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို မိသားစုစီမံသဘောတူစာချုပ်အရ တရားဝင်ပိုင်ဆိုင်ထားသူ ဦးအေးသွင်[၁၂/မဂတ(နိုင်)၀၀၁၀၅၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၂)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(လိုင်စင်-၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၉၇)၊ မြေကွက်တည်နေရာအမှတ်(၈၉၇)၊ စာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်စန်းရီ(အယ်လ်ပီအေ-၀၁၃၄၄၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းရီ(ဇနီး) ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၇၆၄၃/၁၀-၁၁-၂၀၁၄)ဖြင့် ဦးတင်မြင့်မှရရှိပြီး ဦးတင်မြင့်(ဖခင်)ထပ်မံကွယ်လွန်သဖြင့် ဦးသန်းထွန်းအောင်[၇/ပခန(နိုင်)၁၁၃၉၂၅]၊ ဦးတင်ထွန်းအောင်[၇/ပခန(နိုင်)၁၁၆၂၁၆]၊ ဒေါ်သင်းသင်းအောင်[၁၂/ဥကတ(နိုင်)၀၄၃၁၄၄]တို့ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၃၆၁/၅-၁၁-၂၀၂၁)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြပြီး ဦးသန်းထွန်းအောင်၊ ဦးတင်ထွန်းအောင်တို့၏ ကိုယ်စားလှယ်လွှဲစာအမှတ်(၇၇၅၇/၂၂-၁၀-၂၀၂၁)ဖြင့်ရရှိသူ GP ဦးသန့်လွင်ဦး[၁၂/စခန(နိုင်)၀၀၆၉၃၆] နှင့် ဒေါ်သင်းသင်းအောင်တို့ ပူးတွဲ၍ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၆၁၂၊ မြေကွက်တည်နေရာအမှတ်(၆၁၂)၊ ဟံသာဝတီလမ်း၊ ၁၅/ရွှေပေါက်ကံ၊ ဦးအောင်သိန်းစိုး[၁၂/မရက (နိုင်)၀၀၈၆၁၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးဘရီ(ဖခင်)နှင့် ဒေါ်တင်အုန်း(မိခင်)တို့တွင် ဒေါ်ခင်မြင့်နွယ်၊ ဦးအောင်သန်းစိုး၊ ဦးအောင်ငွေစိုး၊ ဒေါ်ခင်အေးမူ၊ ဦးအောင်သိန်းစိုး၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်စန္ဒာဝေ၊ ဒေါ်သန္တာဆွေတို့ (၈)ဦး မွေးဖွားခဲ့ပြီး အမည်ပေါက် ဦးအောင်သိန်းစိုး(အစ်ကို)ဖြစ်သူသည် (လူပျိုကြီးဘဝ)ဖြင့် (၈-၅-၂၀၁၅)ရက်တွင်လည်းကောင်း၊ ဒေါ်မြင့်မြင့်စန်း(အစ်မ)သည် (၁၈-၇-၂၀၂၁)ရက်တွင် (အပျိုကြီးဘဝ)ဖြင့်လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ဒေါ်စန္ဒာဝေ[၁၂/ကတတ(နိုင်)၀၁၂၂၈၇]၊ ဒေါ်သန္တာဆွေ[၁၂/မရက(နိုင်)၀၀၈၆၂၁]တို့ (၂)ဦးမှ အမွေဆက်ခံခွင့်ရှိသည့် ညီမများတော်စပ်ကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်-၁၂/၁၂၃/၂၀၂၁၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မျိုးမြင့်
## အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကမာရွတ်(၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ သန္တာလမ်း၊ အမှတ်(၆၈)နေ (ဦးဘရွှေ-ဒေါ်အေးသင်)တို့၏သမီး၊ (ဦးဘစိန်-ဒေါ်တု)တို့၏သမီးချွေးမ၊ (ဦးဌေးအောင်)(ရုံးအဖွဲ့မှူး-ငြိမ်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)(အမှုဆောင်အရာရှိချုပ်-ငြိမ်း၊ ကုန်သည်ကြီးများအသင်း)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်အမာ)၊ (ဦးကိုကိုကြီး-ဒေါ်သန်းချိန်)၊ (ဦးဦးထွန်း-ဒေါ်မြကျင်)၊ (ဦးချစ်ပို-ဒေါ်အုန်းမေ)၊ (ဒေါ်စောရီ)၊ ဦးကျော်သန်း-(ဒေါ်မိမိလေး)၊ (ဦးညီလေး-ဒေါ်နန့်အေးလုံ)၊ ဦးညီလေးမောင်-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်ခင်မှတ်တို့၏ညီမ၊ ဦးဝင်းသန့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာနရုံးချုပ်)-(ဒေါ်သန်းသန်းစိုး)၊ (ဦးကျော်ဇောအောင်)(Director, Dagon Int'l Co.,Ltd.)-ဒေါ်ဥမ္မာမြင့်၊ ဦးအောင်ကျော်ဟိန်း(Director, Shwe Than Lwin Holding Co.,Ltd.)-ဒေါ်ခင်နွယ်ထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါက်တာရဲရင့်အောင်-ဒေါက်တာရွှေရည်ဝင်းသန့်၊ ကိုဖြိုးဝေစိုး-ဒေါက်တာဟေမာဝင်းသန့်၊ ကိုကောင်းထက်ဝင်းသန့်-မဝင်းမြတ်အေး၊ မထူးမြတ်ကျော်ဇောအောင်၊ မောင်မင်းထက်ကျော်ဇောအောင်၊ မောင်ကျော်ဗိုလ်ဗိုလ်ခန့်၊ မောင်ရန်ပိုင်ပိုင်ဟိန်းတို့၏ ချစ်လှစွာသောအဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၆-၂-၂၀၂၂ ရက် ညနေ ၅:၂၀ နာရီတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံကြီး၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၂ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

❍ **နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်းများစွာရှိနေပါတယ်။**

❍ **တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်း မဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန်ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။**

❍ **ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက်အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီးပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အကြမ်းဖက်ဖောက်ခွဲ၊ သတ်ဖြတ်မှု တစ်ကြိမ်လျှင် ငွေကျပ် ၅ သောင်း ရရှိသဖြင့် ဝမ်းတွင်းမြို့နယ်အတွင်း ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့သော တရားခံများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များက ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများအား နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိစဉ် မသင်္ကာဖွယ် အမျိုးသားသုံးဦးမှာ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းသော်လည်း ရပ်တန့်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်ပစ်ခတ်ရန် ဆောင်ရွက်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရာ ခင်ဘန်းကျေးရွာနေ ညီညီ (၂၈)နှစ်အား အသံတိတ်ပြောင်းပါ GLOCK ပစ္စတို တစ်လက်၊ ၎င်းကျည် ၁၀ တောင့်နှင့်အတူ အခင်းဖြစ်ပွားသည့်နေရာတွင် အသေဖမ်းဆီးရမိခဲ့ပြီး သဲတောလေးကျေးရွာနေ **ကျော်သက်**(၃၀)နှစ်နှင့် **နှင်းမောင်**(၃၆)နှစ်တို့ နှစ်ဦးအား တူရကီနိုင်ငံထုတ် ပစ္စတို တစ်လက်၊ ၅ လုံးပြူး တစ်လက်၊ ပွိုင့် 38 ကျည် အတောင့် ၂၀၊ ၉ မမ ကျည် ၆၆ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၃၀ ရက်တွင် ဝမ်းတွင်းမြို့နယ် ညောင်ပင်ရပ်နေ **သန့်ဇင်ထွန်း(ခ)ကိုဦး** (၃၂)နှစ်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ❐

ဇန်နဝါရီ ၂၉ ရက်က ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာအနီး၌ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။



# ဆီနီဂေါအသင်း အာဖရိကနိုင်ငံများဖလား ပထမဆုံးအကြိမ်ဆွတ်ခူး



အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဆီနီဂေါအသင်းနဲ့ အီဂျစ်အသင်းတို့ ဖေဖော်ဝါရီ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဆီနီဂေါအသင်းက အီဂျစ်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်မှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဖရိကနိုင်ငံများဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဆီနီဂေါအသင်းဟာ ပထမပိုင်းပွဲကစားချိန် ခုနစ်မိနစ်မှာ ပင်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့ပေမယ့် တိုက်စစ်မှူး ဆာဒီယိုမာနေးက ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာကြောင့် ဦးဆောင်ဂိုးရရှိမယ့် အခွင့်အရေးလွဲခဲ့ရပါတယ်။ ဆာဒီယိုမာနေးရဲ့ ပင်နယ်တီသွင်းဂိုးကို ကာကွယ်နိုင်ခဲ့တဲ့ အီဂျစ်ဂိုးသမား **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❍

**ယနေ့** ဖတ်စရာ

**ဗီယက်နမ်နိုင်ငံက တစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်**

စာမျက်နှာ » ၁၂

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၀၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၀၅ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၈